# ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (23-1-2005) (၄၄၈၇)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





# တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ် နွေစပါးစိုက်ပျိုးမှုကြည့်ရှု ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရန်မှာကြား

ရန်ကုန်　　ဇန်နဝါရီ　　၂၂

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ရန်ကုန်–ပဲခူး ခြောက်လမ်းသွားလမ်းမကြီးနှင့် အမှတ်(၃) လမ်းဆုံအနီးရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေ ၈၃ဧကသို့ ရောက်ရှိပြီး လယ်မြေများအတွင်း နွေစပါးစိုက်ပျိုးမှုနှင့် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် အဆိုပါလယ်မြေများ၌ ဒဂုံသီရိ၊ ဧည့်မထစော၊ ရေဆင်း(၃) စသည့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်စပါးမျိုးများ စိုက်ပျိုးထားရှိသည့် အခြေအနေကိုလည်းကောင်း၊ လျှပ်စစ်ရေတင်စီမံကိန်းဖြင့် ရေတင်၍ ရေငြိမ်ကန်အတွင်း ရေဖြည့်သွင်းပြီး ပင်မမြောင်း၊

**စာမျက်နှာ ၈ ကော်လံ ၆ သို့** ✻

**ကြည့်ရှုစစ်ဆေး**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ရန်ကုန်တိုင်း စစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေများအတွင်းသို့ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (ရန်ကုန်တိုင်း)



# နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲဆက်

**ရန်ကုန်　　ဇန်နဝါရီ　　၂၂**

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများ ပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ❍

**၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။** (ထ–ပ–ဆ)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

The Mirror

ကြေးမုံ

၂၃-၁-၂၀၀၅
(တနင်္ဂနွေနေ့)

# ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးဦးတည် တိုင်းရင်းသားချင်း ရင်းနှီးချစ်ကြည်စွာ လက်တွဲကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားမျိုးနွယ်စုများဖြင့် ဘိုးစဉ်ဘောင်ဆက်မှစ၍ အတူတကွ ပေါင်းစည်းညီညွတ်စွာ နေထိုင်လာခဲ့သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားများသည် မိမိတို့နေထိုင်ရာ ရေ၊ မြေသဘာဝအလိုက် အခေါ်အဝေါ်၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းများ ကွဲပြားခြားနားသော်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးမှာ တစ်မြေတည်းနေ၍ တစ်ရေတည်းသောက်ကာ တစ်မိသားစုတည်းက ပေါက်ဖွားလာခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးနေသမျှကာလပတ်လုံး ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲနေမည်ဟူသည့် ယုံကြည်ချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်တို့ ထာဝစဉ်ထွန်းကားပြန့်ပွားရေးကိုဦးတည်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း စီးပွားရေးအခွင့်အလမ်း၊ လူမှုရေးအခွင့်အလမ်း ကွာဟနေမှုများကို လျော့နည်းစေပြီး တစ်ဆက်တစ်စပ်တည်း တိုးတက်ဖွံ့ဖြိုးလာရေးအတွက် အစီအမံများ ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။ ဒေသအလိုက် လိုအပ်ချက်များရှိက နိုင်ငံတော်က ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခါမလပ် ကြည့်ရှုဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီလ ၁၄ ရက်က စစ်ကိုင်းတိုင်းအတွင်းသွားရောက်၍ ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းနှင့် လဟယ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခရီးစဉ်အတွင်း ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများနှင့်တွေ့ဆုံရာ၌ **ဖို့မြေလုပ်ငန်းကို တတိယအဆင့် ပေ ၇၀၀၀ အထိ မိုးရာသီ မကျရောက်မီ အချိန်မီပြီးစီးအောင် အဓိကဦးစားပေးဆောင်ရွက်ရန်နှင့် တစ်ပြိုင်တည်းတွင် ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်ရန်၊ ရရှိသည့် စက်သုံးဆီများကို ခြိုးခြံချွေတာ၍ အလေအလွင့်မရှိအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်** မှာကြားခဲ့သည်။

ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာတွင် ပထမအဆင့် ပေ ၅၁၀၀ မှ ဒုတိယအဆင့် ပေ ၅၆၀၀ သို့ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်း၊ အလျားပေ ၄၂၀၀ ရှိ လေယာဉ်ပြေးလမ်းဟောင်းပေါ်တွင် အလျားပေ ၄၈၀၀ အထိ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လေယာဉ်ပြေးလမ်း အရှေ့ဘက်ခြမ်းတွင် ပေ ၇၀၀၀ အထိ တိုးချဲ့မြေဖို့သည့်လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် စက်ယန္တရားကြီးများဖြင့် ကြိုးပမ်းလုပ်ကိုင်လျက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခရီးစဉ်အတွင်း လဟယ်မြို့ ပြည်သူ့ဆေးရုံ၊ မြို့တွင်းကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားနှင့် အခြေခံပညာအထက်တန်းကျောင်း e-Learning Centre ခန်းမ ဖွင့်ပွဲအခမ်းအနားတို့သို့တက်ရောက်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လဟယ်မြို့ အခြေခံပညာအထက်တန်းကျောင်း e-Learning Centre ခန်းမ ဖွင့်ပွဲအခမ်းအနားတွင် လဟယ်မြို့နှင့် နန်းယွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းများအတွက် ဗလာစာအုပ်များ၊ သင်ထောက်ကူ ကျောင်းသုံးစာအုပ်များနှင့် စီဒီရွှမ်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ယနေ့ကာလသည် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်း အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ များစွာတို့ကို အခါမလပ် တည်ဆောက်ဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိသည့် အချိန်အခါ ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးတစ်ရပ်လုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးတို့က ညီအစ်ကိုမောင်နှမ အချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု စွမ်းပကား အပြည့်အဝဖြင့် ကဏ္ဍအလိုက် အင်တိုက်အားတိုက် လက်တွဲပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

# နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

**နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၄၃)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော် အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းက ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။**

### ပေးအပ်

ဆက်လက်၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက ပွဲတော်တွင် ပါဝင်ခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များ၏ အမည်စာရင်းနှင့် လှူဒါန်းငွေစာရင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ လူမှုဆက်ဆံရေးမှူး ဒေါ်မြင့်မြင့်စန်းက ဖတ်ကြားတင်ပြသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၄၃)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော်တွင် အလှူရှင် ၇၂ဦးတို့က ငွေ ၇၂၅၂၃၇၃ ကျပ် ပါဝင် လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)



### အလှူရှင်များ ဂုဏ်ပြု

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သိရိရတနာခန်းမ၌(၄၃)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

# အလက(၃) ဒဂုံ မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးညှိနှိုင်း

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၆၆-၆၇မှ ၂၀၀၃-၂၀၀၄) နှင့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများ (၂၀၀၄-၂၀၀၅) တို့၏ မြတ်ဆရာ ပူဇော်ပွဲ ကျင်းပရေးညှိနှိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက် မွန်းတည့် ၁၂နာရီက သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် မော်ကွန်းထိန်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

မြတ်ဆရာပူဇော်ပွဲနှင့် စပ်လျဉ်း၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်း၊ ဆရာမ ဒေါ်လှလှဝင်း၊ ဆရာဝန်ကြီး ဦးအောင်ကြည် ဖုန်း-၀၉-၈၀၂၁၂၁၇၊ ဦးကျော်စိန် ဖုန်း-၀၉-၅၀၀၆၈၁၊ ဦးကျော်စိုး၊ ဦးဌေးလင်း၊ ဆရာကြီး ဦးဝေလင်း ဖုန်း-၅၄၅၉၁၀ နှင့် ဆရာကြီး ဦးစံဖေ ဖုန်း-၃၈၁၄၄၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မိုင်းဆတ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြား မိုင်းတုံ–မိုင်းဆတ်ကားလမ်း ချဲ့ထွင်ခြင်းနှင့် မုံးကျက်တံတားမွမ်းမံမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၂

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၅ရက် နံနက်ပိုင်းက မိုင်းဆတ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိရတနာအစည်းအဝေးခန်းမ၌ မိုင်းဆတ်မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံသည်။**

အစီအစဉ်အရ မိုင်းဆတ်မြို့နယ် ဥက္ကဋ္ဌ ဦးပေါကြွယ်၊ မိုင်းဆတ်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ငွေးနှင့် တာဝန်ရှိသူများက မိုင်းဆတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၇ရက် ညပိုင်းတွင် တိုင်းမှူးသည် မိုင်းတုံမြို့သို့ ရောက်ရှိပြီး မိုင်းတုံမြို့ အစည်းအဝေးခန်းမ၌ မိုင်းတုံမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တိုင်းမှူးက နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မိုင်းတုံ – မိုင်းဆတ် ကားလမ်း မိုင်တိုင်အမှတ် (၁၈၀)သို့ ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် မြေသားလမ်း ချဲ့ထွင်ခြင်းနှင့် လမ်းဘေးရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

### မုံးကျက်တံတားကြည့်ရှု

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် မိုင်းပျဉ်း–မိုင်းဆတ် ကားလမ်းပေါ်ရှိ မုံးကျက် တံတားသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားမွမ်းမံကြံ့ခိုင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ မုံးကျက်တံတားသည် နမ့်ဆင်ချောင်းအား ဖြတ်သန်းတည်ဆောက်ထားသည့် အရှည်ပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေနှင့် ပေ ၆၀ ရှိ ခန်းဖွင့်ငါးခန်းပါ ကွန်ကရစ် အမျိုးအစားတံတားဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုင်းဆတ်–မိုင်းပျဉ်း လမ်းသည် လမ်းအရှည် ၉၄ မိုင်ရှိ၍ ၁၂ပေ အကျယ် အမာခံမြေသားလမ်း အမျိုးအစားဖြစ်ပြီး မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးမှ မိုင်းဆတ်သို့ သွားရောက်လိုပါက မိုင်းပျဉ်းမှတစ်ဆင့် အချိန်တို အတွင်း သွားရောက်နိုင်သည်။

(သတင်းစဉ်)

## ရွှေဘုန်းပွင့်စေတီတော် နှမ်းထမနဲ ကပ်လှူမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးတွင် (၈)ကြိမ်မြောက် နှမ်းထမနဲထိုးပွဲနှင့် အလှူပွဲကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ညနေ ၃ နာရီမှ စတင်၍ ဩဇသည်တော်များနှင့် ဘုရားဖူးလာကုသိုလ်ရှင်များအား စတုဒိသာကျွေးမွေးလှူဒါန်းမည်ဖြစ်ရာ နှမ်းထမနဲ တစ်ဒယ်လျှင် ကျပ် ၇၀၀၀ နှုန်းဖြင့်လည်းကောင်း၊ တစ်နိုင်အလှူဖြင့်လည်းကောင်း ဂေါပကရုံး ဖုန်း–၂၉၀၄၂၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

## မကွေးတိုင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ သရက်ခရိုင်အတွင်းရှိ ကျေးလက်ဆည်များ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၂**

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၆ရက် မွန်းလွဲပိုင်းက သရက်မြို့နယ်၊ ပိသလိမ်းကျေးရွာရှိ တောင်သူကြီး ဦးထွန်းမှင့်၏ ကိုယ့်အားကိုယ်ကိုး ဆည်သို့ ရောက်ရှိရာ ခရိုင်ဆည်မြောင်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဝင်းက ကျေးလက်ဆည် အနေဖြင့် စပါးစိုက် ဧက ၃၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်၍ တိုးချဲ့ပြုပြင်မွမ်းမံ တည်ဆောက်ပြီးစီးပါက စပါးစိုက်ဧက ၁၀၀ အထိ စိုက်ပျိုးရေ ပေးဝေနိုင်မည့်အခြေအနေများကိုရှင်းလင်းတင်ပြပြီး ဗိုလ်မှူးကြီးဘုန်းမော်ရွှေက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် တိုင်းဥက္ကဋ္ဌသည် အောင်လံမြို့နယ် တရော်ကုန်းဈေး အသစ်ပြုပြင်တည်ဆောက်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

### ပံ့ပိုးဖြည့်ဆည်း

ထိုမှတစ်ဆင့် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ဆင်ပေါင်ဝဲမြို့နယ်၊ ဇိမ့်ကုန်းကျေးရွာအနီး ဘောဂုချောင်းကို ပိတ်၍ တည်ဆောက်ထားသည့် ဇိမ့်ရေလွှဲဆည်သို့လည်းကောင်း၊ ကြေးခိုင်မကျေးရွာအနီး စဖျားချောင်းကိုပိတ်၍ တည်ဆောက်ထားသည့် ကြေးခိုင်မ ကျေးလက်ဆည်ကို တိုးချဲ့ပြုပြင်မွမ်းမံ တည်ဆောက်မည့် အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)



## ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ ထူးချွန်သူပုဂ္ဂိုလ်ကျော် ဂုဏ်ပြုပွဲနှင့် မြို့ဖွံ့ဖြိုးရေးအလှူငွေ ပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း (ဗဟန်း ၃ လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ မြို့နယ် အသင်းသူ၊ အသင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အပူဇော်ခံမည့် အသက် (၇၅) နှစ်နှင့်အထက် အသင်းသူ၊ အသင်းသားများသည် လည်းကောင်း၊ ၂၀၀၃ – ၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရရှိသူများသည်လည်းကောင်း ဖေဖော်ဝါရီ ၂ ရက် နောက်ဆုံးထား၍ ဦးစိုးညွန့် (ဦးစီးနာယက) ဖုန်း–၂၂၄၅၈၀၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ) ဖုန်း–၂၄၆၁၄၀၊ ဦးမြင့်ကြည် (အတွင်းရေးမှူး) ဖုန်း–၂၂၁၀၁၇၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း – ၆၆၄၆၀၇၊ ဦးကြိုင်မြင့် (တွဲဖက်အတွင်းရေးမှူး) ဖုန်း–၂၉၅၉၈၈၊ ဦးကျော်စိုး (ဘဏ္ဍာရေးမှူး) ဖုန်း–၀၉–၅၀၀ ၁၄၂၆ နှင့် ဒေါ်ဥ (အမှုဆောင်) ဖုန်း– ၀၉၈၀ ၃၃၉၁၅တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

တက်ရောက်လာသူများအား ရွှေဘုံသာလမ်းနေ ဒေါ်ဥနှင့် မောင်နှမများက ကွမ်းခြံကုန်း ဆန်ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။ (က–ပ)

## ပုလောမြို့နယ်ပညာရေးစုံညီပွဲတော်ဖွင့်

**ပုလော ဇန်နဝါရီ ၂၀**

တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက်တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရည်၊ ကျောင်းအကျိုးတော်ဆောင် ဘဏ္ဍာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(အပေါ်ပုံ)**

ယင်းနောက် ၂၀၀၄–၂၀၀၅ ပညာသင်နှစ် တိုင်းအဆင့် (ဘက်စုံထူးချွန်ဆု) တက္ကသိုလ်ဝင်တန်းမှ မစုဝေလှိုင်၊ အဋ္ဌမတန်းမှ မောင်အောင်စစ်မင်းဟိန်း၊ ဗဟိုအဆင့် တပ်မတော်နေ့ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အထက်တန်းအဆင့် (နှစ်သိမ့်ဆု)၊ (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် ကဗျာ၊ စာစီစာကုံး အထူးဆု၊ တိုင်းအဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပထမဆု၊ တိုင်းအဆင့် အင်္ဂလိပ်၊ ကျပန်းစကားပြောပြိုင်ပွဲ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ဆုရရှိသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆုများချီးမြှင့်သည်။ ကျောင်းသား၊ ကျောင်းသူများက ဂီတအနုပညာစွမ်းရည်ပြိုင်ပွဲကို အစီအစဉ် ၂၉ခုဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(၄၇၃)

**ကျိုက်ပင်ကောက်မြို့နယ် ဘုကြီးကျေးလက်လမ်း ဂဝံကျောက် ဖာထေး ပြုပြင်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အငယ်တန်း အင်ဂျင်နီယာ–၂ ဒေါ်နွယ်နွယ်ယဉ်တို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးစဉ်။**

(၁၂၄)





**ကွယ်လွန်သူ ဖခင်–ဦးကြီးစိန်နှင့် မိခင် ဒေါ်စန်းကြည်တို့အား ရည်စူး၍ အမှတ်(၉၈) လမ်းသွယ်(၃) ဘုရင့်နောင်ရိပ်သာ အင်းစိန်မြို့နယ်နေ ဦးအေးနိုင်–ဒေါ်ရီလွင်၊ ဦးတင်အေး–ဒေါ်တိုးကြည်၊ ဦးဝင်းမြင့်–ဒေါ်ခင်ဝေဝေ မောင်နှမတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။**

(က–ပ)

## ဒေးဒရဲမြို့နယ်အသင်း( ရန်ကုန် ) နှစ်ပတ်လည်အစည်းအဝေး

**ရန်ကုန် ဇန်နဝါရီ ၂၂**

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဘွဲ့ထူး၊ ဂုဏ်ထူးရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အမှတ်(၅၇) အာဇာနည်လမ်း ဗဟန်းမြို့နယ်ရှိ ဒေးဒရဲမြို့နယ် အသင်း(ရန်ကုန်) ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ရန် ဖိတ်ကြားထားသည်။

အစည်းအဝေးတွင် အသင်းသားများနှင့် အသင်းသားမိဘများ အသက် (၈၀)နှင့်အထက် သက်ကြီးပူဇော်ပွဲအတွက် အမည်၊ မှတ်ပုံတင်မိတ္တူများဖြင့်လည်းကောင်း၊ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးနှင့် ရိုးရိုးအောင်မြင်ခဲ့ကြသော အသင်းသူ၊ အသင်းသားများ၏ သားသမီးများ အမည်စာရင်းနှင့် အထောက်အထားများကိုလည်းကောင်း၊ နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူး ဂုဏ်ထူး ရရှိသူများသည် အမည်စာရင်း ပေးပို့၍လည်းကောင်း ဇန်နဝါရီ ၂၃ ရက် နောက်ဆုံးထား၍ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ဓမ္မာရုံနှင့် ဒေါ်ခင် စောလှ ဖုန်း –၅၀၀၁၆၁၊ ဦးစိုးသိန်း ဖုန်း–၂၄၅၉၂၃၊ ဒေါ်ခင်ရီ ဖုန်း–၅၂၄၂၅၅၊ ၀၉–၅၀၂၀၂၁၅ တို့သို့ ဆက်သွယ်၍ အမည်စာရင်း ပေးပို့ ကြရန်ဖြစ်ကြောင်း သိရသည်။

(က–ပ)

# ဂွါတာနာမိုအကျဉ်းစခန်းတွင် လူမဆန်စွာ ညှဉ်းပန်းနေမှုများရပ်ရန် ကျူးဘားတောင်းဆို

ဟာဗားနား ဇန်နဝါရီ ၂၁

**ကျူးဘားကျွန်း၏ အရှေ့ဘက်ရှိ အမေရိကန်တို့၏ ဂွါတာနာမိုအကျဉ်းစခန်းတွင် စစ်သုံ့ပန်းများကို ညှဉ်းပန်းနှိပ်စက်နေသည့်ကိစ္စများအား ရပ်တန့်ပေးရန် ကျူးဘားအစိုးရက ဗုဒ္ဓဟူးနေ့တွင် တောင်းဆိုလိုက်သည်။**

အမေရိကန်တို့က စစ်သုံ့ပန်းများအပေါ် ရာဇဝတ်မှုဆန်သော လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်နေသည့် ကိစ္စများကို ရပ်တန့်သင့်ပြီဖြစ်ကြောင်း ကျူးဘားတို့က တောင်းဆိုခဲ့ကြသည်။

**ဆိုးရွား**

အမေရိကန် ဂွါတာနာမိုအကျဉ်းစခန်းတွင် အကျဉ်းသားပေါင်း ၅၅၀ ကို ထိန်းသိမ်းထားသည်ဟု မီဒီယာသတင်းများက ဖော်ပြကြသည်။ အကျဉ်းသားများကို ဆက်ဆံရာ၌ အမေရိကန်တို့သည် တစ်ပြေးညီမဆက်ဆံဘဲ စံနှုန်းနှစ်မျိုးထား၍ ဆက်ဆံလျက်ရှိသည်ဟု ဆိုသည်။ အဆိုပါ အကျဉ်းစခန်းတွင် အကျဉ်းသား ၅၅၀ တို့အပေါ် အမေရိကန်တို့၏ အပြုအမူသည် အီရတ်နိုင်ငံရှိ အဘူဂါရစ်အကျဉ်းစခန်း နှိပ်စက်မှုနှင့် နှိုင်းယှဉ်နိုင်လောက်အောင်ဆိုးရွားကြောင်း ကျူးဘားတို့က ဆိုသည်။

**ဆန့်ကျင်**

အမေရိကန်တို့သည် လူ့အခွင့်အရေးဖောက်ဖျက်သူများ နှိမ်နင်းမှု စစ်ဆင်ရေးဟု ဆိုသော်လည်း ၎င်းတို့ကိုယ်၌က အကျဉ်းသားများ၏ လူ့အခွင့်အရေးကို ဖောက်ဖျက်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် ဆန့်ကျင်ကာ အကျဉ်းသားများကို ညှဉ်းပန်းဆက်ဆံသည်။

အကျဉ်းသားများကို တရားစွဲဆိုမှု တစ်စုံတစ်ရာ မပြုလုပ်ဘဲ ချုပ်နှောင်ထားသည်။ ညှဉ်းပန်းနှိပ်စက်မှု ပြုလုပ်သည်ဟု ဆိုသည်။

**ကန့်ကွက်**

ဖော်ပြပါ အခြေအနေများနှင့်ပတ်သက်၍ ကျူးဘားအစိုးရက ကန့်ကွက်ကြောင်း ဖော်ပြထားသည့်စာလွှာကို အမေရိကန် သံတမန်များလက်သို့ ဒီဇင်ဘာ ၁၉ ရက်က ကျူးဘားအစိုးရက ပေးပို့ခဲ့ကြောင်း သိရသည်။

ဖော်ပြပါ သတင်းများကို ကျူးဘားအစိုးရ၏ ရုပ်မြင်သံကြားသတင်းတွင် ထုတ်လွှင့်သွားခဲ့ခြင်း ဖြစ်သည်။

၁၉၀၃ ခုနှစ်တွင် ကျူးဘားနိုင်ငံမှ အမေရိကန်အစိုးရတို့သည် ဂွါတာနာမိုကို အမေရိကန် ရေတပ်အတွက် အသုံးပြုရန်နှင့် ကျောက်မီးသွေးများထားရှိရန် သဘောတူစာချုပ် ချုပ်ခဲ့ကြခြင်းဖြစ်သည်။

ထိုစာချုပ်အရ အဆိုပါ စခန်းကို ကျောက်မီးသွေးထားရှိရန်နှင့် ရေတပ်အတွက်သာ အသုံးပြုလေ့ရှိပြီး အခြားတစ်ပါးသောကိစ္စများအတွက် အသုံးပြုနိုင်ခွင့်မရှိဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



# ပျက်စီး

**ဗြိတိသျှတပ်ဖွဲ့မှ ယာဉ်တစ်စီး ဘဂ္ဂဒက်မြို့ပြင် အဝေးပြေးလမ်းမပေါ်၌ တိုက်ခိုက်ခံရပြီး ပျက်စီးနေသည်ကို ဇန်နဝါရီ ၂၁ ရက်က တွေ့မြင်ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်ရွေးကောက်ပွဲ တရားဝင် မဝင်

## အီရတ်ပြည်သူလူထုကသာ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း ရုရှားပြောကြား

**မော်စကို ဇန်နဝါရီ ၂၀**

အီရတ်နိုင်ငံတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲသည် တရားဝင်မှု ရှိ၊ မရှိနှင့် ပတ်သက်၍ ဆုံးဖြတ်နိုင်သူမှာ နိုင်ငံတကာမှ လေ့လာအကဲခတ်သူများမဟုတ်ဘဲ အီရတ်ပြည်သူလူထုသာ လျှင်ဖြစ်ကြောင်း ရုရှားအစိုးရက ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

ရွေးကောက်ပွဲ ကျင်းပပါက ရွေးကောက်ပွဲ၏ တရားဝင်မှုရှိ၊ မရှိအပေါ် ဆုံးဖြတ်ပေးမည့်သူမှာ နိုင်ငံတကာလေ့လာအကဲခတ်သူနှင့် အုပ်စုများမဟုတ်ဘဲ အီရတ်ပြည်သူလူထုသာလျှင်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

**ရပ်တည်ခံယူ**

အီရတ်နိုင်ငံ၏ အမျိုးသား အချုပ်အခြာအာဏာပိုင်စိုးရေး ဆက်လက်ထိန်းသိမ်းရန်အတွက် ရွေးကောက်ပွဲကျင်းပရမည်ဟု ရုရှားက ရပ်တည်ခံယူထားကြောင်း ဆာဂျီလက်ဗ်ရော့ဗ်၏ ပြောကြားချက်ကို အင်တာဖက်သတင်းဌာနက ထုတ်ပြန်သည်။

အီရတ်နိုင်ငံရှိ လုံခြုံရေး အခြေအနေသည် တစ်စတစ်စ ဆိုးရွားလျက်ရှိနေရာ ဇန်နဝါရီ ၃၀ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် လုံးဝအဆင့်အတန်းမီပြီး ဒီမိုကရေစီကျသည့် ရွေးကောက်ပွဲ ဖြစ်လာနိုင်ဖွယ်မရှိကြောင်း ၎င်းက ကောက်ချက်ချသည်။

**ရေစုန်မျော**

အီရတ်တွင် ရွေးကောက်ပွဲမကျင်းပမီ အမျိုးသားတစ်ရပ်လုံး သဘောတူညီချက် တိုးမြှင့်နိုင်ရန်နှင့် တင်းမာမှုများ လျော့ပါးစေရေးအတွက် အာရပ်လူမျိုးအတွင်း ညှိနှိုင်းဆွေးနွေးကြရန် ရုရှားအစိုးရက နှိုးဆော်ခဲ့သော်လည်း ယင်းကြိုးပမ်းမှုများ ရေစုန်မျောခဲ့ရကြောင်း အဆိုပါ ဝန်ကြီးက ပြောကြားသည်။

ရုရှားအစိုးရသည် အမေရိကန်ဦးဆောင်တိုက်ခိုက်သည့် အီရတ်စစ်ပွဲအား အခိုင်အမာ ဆန့်ကျင်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်ငံတကာသတင်းများ

# ဗြိတိသျှ လုံခြုံရေးကုမ္ပဏီ ဝန်ထမ်းတစ်ဦး အီရတ်တွင် တိုက်ခိုက်ခံရပြီး သေဆုံး

**လန်ဒန် ဇန်နဝါရီ ၂၁**

ဗြိတိသျှ လုံခြုံရေးဝန်ထမ်းတစ်ဦး အီရတ်နိုင်ငံ အလယ်ပိုင်းဒေသတွင် တိုက်ခိုက်ခံရသဖြင့် သေဆုံးသွားခဲ့ကြောင်း လန်ဒန်အခြေစိုက် လုံခြုံရေးကုမ္ပဏီဖြစ်သည့် ဂျာနူရှန်လုံခြုံရေးအန္တရာယ်စီမံခန့်ခွဲရေး ကုမ္ပဏီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

**တိုက်ခိုက်ခံရ**

အဆိုပါ အလုပ်သမားသည် ယင်းကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသည့် အီရတ် နိုင်ငံသားတစ်ဦးနှင့်အတူ မော်တော်ယာဉ်နှစ်စီး ပါဝင်သော မော်တော်ယာဉ်တန်းနှင့် လိုက်ပါလာရာ ဘေဂျီမြို့အနီးတွင် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ဖော်ပြပါကုမ္ပဏီက ပြောကြားသည်။

**ပစ်ခတ်**

အဆိုပါ အလုပ်သမား၏ မော်တော်ယာဉ်တန်းအား ၎င်းတို့ စောင့်ရှောက်ကာကွယ်နေသည့် လျှပ်စစ် ဓာတ်အားပေးစက်ရုံအနီးတွင် ပြောက်ကျားများက ခြောင်းမြောင်း ပစ်ခတ်ကြခြင်းဖြစ်သည်ဟု ကုမ္ပဏီက ပြောကြားသည်။

မိမိတို့အနေဖြင့် အီရတ်နိုင်ငံရှိ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များ ဆုံးရှုံးမှုအပေါ် နက်နက်ရှိုင်းရှိုင်း ဝမ်းနည်းမိပြီး ယခုအချိန်အခါ မိမိတို့သည် ၎င်းတို့၏ မိသားစုများနည်းတူ ခံစားနေရကြောင်း ကုမ္ပဏီက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းကိစ္စဖြစ်ပွားမှုအပေါ် စုံစမ်းစစ်ဆေးလျက်ရှိပြီး ပျောက်ဆုံးနေသည့် အခြားဝန်ထမ်းများကို ရှာဖွေရန် အီရတ်ဒေသဆိုင်ရာ အာဏာပိုင်များနှင့် လုပ်ကိုင်ဆောင်ရွက်နေသည်ဟု ကြေညာချက်တွင် ပါရှိသည်။

**အကာအကွယ်ပေး**

ဂျာနူရှန်လုံခြုံရေးကုမ္ပဏီသည် ၂၀၀၃ ခုနှစ် ဧပြီ ၁၇ ရက် နောက်ပိုင်းမှစ၍ အီရတ်နိုင်ငံတွင် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ပြီး ပြည်ပဝန်ထမ်းများနှင့် သံတမန်များ ခုခံတိုက်ခိုက်မှု မရှိစေရန် အကာအကွယ်ပေးနေရခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အက်ဖီဒရင်း မူးယစ်ဆေးတစ်တန်ကျော် ဂရိရဲများ ဖမ်းမိ

အေသင် ဇန်နဝါရီ ၂၁

**အက်ဖီဒရင်း တစ်တန်ကျော်ကို ဇန်နဝါရီ ၁၈ ရက်တွင် ဂရိရဲများက ဖမ်းမိခဲ့သည်။ အက်ဖီဒရင်းသည် ဓာတုဆေးတစ်မျိုးဖြစ်ပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသောဆေးဖြစ်ကြောင်း၊ အက်ဖီဒရင်းတစ်တန်လျှင် အိုင့်စ် သို့မဟုတ် စပိဒ်ခေါ် ဆေးလုံး သန်း ၇၀ ကို ပြုလုပ်နိုင်သော အရေအတွက်ဖြစ်ကြောင်း တာဝန်ခံများက ဆိုသည်။**

ပီရာစ်ဆိပ်ကမ်းရှိ ကုန်လှောင်ရုံတစ်ခုအနီးတွင် ရဲများသည် ရှာဖွေရေးများပြုလုပ်ပြီးနောက် ရက်အနည်းငယ်အကြာတွင် မူးယစ်ဆေးဝါးများကို ဖမ်းမိလိုက်ခြင်းဖြစ်သည်။ ထိုဖမ်းဆီးခြင်းခံရသူမှာ ဗြိတိန်နိုင်ငံသား တစ်ဦးဖြစ်ပြီး ၎င်းနှင့်အတူ ဆေးခြောက်ခြောက်တန်ကျော်ကိုပါ ရမိခဲ့သည်။

၎င်းသည် နာမည်အတုနှင့် ကုန်လှောင်ရုံတစ်ခုကို ငှားရမ်းခဲ့သူဖြစ်သည်။ ၎င်းနေထိုင်ရာ နေရာမှာပင် ဆေးခြောက် ခြောက်တန်ကို ရှာတွေ့ခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံ၏ မူးယစ်ဆေးဝါးဖမ်းဆီးရေးအဖွဲ့က ပြောကြားခဲ့သည်။

၎င်းသည် တစ်အိတ်လျှင် ကီလို ၄၀ လေးသော အက်ဖီဒရင်း ၂၇ အိတ်ကို ဆန်အိတ်ထဲတွင်ထည့်၍ ကွန်တင်နာ ကုန်သေတ္တာကြီးနှစ်ခုဖြင့် သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အက်ဖီဒရင်းများကို ပါကစ္စတန် နိုင်ငံမှတစ်ဆင့် ဂရိနိုင်ငံသို့ သယ်ယူခဲ့ခြင်းဖြစ်သည်။

အက်ဖီဒရင်းကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး တရားမဝင်ဓာတ်ခွဲခန်းများတွင် မူးယစ်ဆေးဝါး မီသာအင်ဖက်တမင်းကို ထုတ်လုပ်ရန်ဖြစ်သည်။ ထိုမူးယစ်ဆေးဝါးကို အိုင့်စ်ဟုလည်းကောင်း၊ စပိဒ်ဟု လည်းကောင်း ခေါ်ဝေါ်ကြသည်။ မီသာအင်ဖက်တမင်း မူးယစ်ဆေးဝါးသည် လျင်မြန်စွာ ပြန့်ပွားသွားပြီး အနောက်ဥရောပနှင့် အမေရိကန် ပြည်ထောင်စုတို့တွင် အလွယ်တကူရရှိနိုင်သော ဆေးဝါးဖြစ်လျက်ရှိသည်။

မကြာသေးမီအချိန်ကစ၍ ဂရိနိုင်ငံရှိ လေဆိပ်များနှင့် ဆိပ်ကမ်းများတွင် ပြည်ပမှ ဝင်ရောက်လာသော မူးယစ်ဆေးဝါးများကို တားမြစ်နိုင်ရန် တင်းကျပ်သော အမိန့်တစ်ရပ်ထုတ်ပြန်ကာ အရေးယူဆောင်ရွက်လျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ဘဂ္ဂဒက်မြို့တွင်ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရသူတစ်ဦး ယာမောက်ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေသည်ကို ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



# အီရီထရီးယားနိုင်ငံ မိုးခေါင် စားနပ်ရိက္ခာ အကူအညီရရှိရေး ကုလသမဂ္ဂ တောင်းခံထား

**နိုင်ရိုဘီ ဇန်နဝါရီ ၂၁**

မိုးခေါင်မှုဒဏ် တွေ့ကြုံခံစားနေရသော အီရီထရီးယားနိုင်ငံမှ သန်းပေါင်းများစွာသော ပြည်သူများအတွက် စားနပ်ရိက္ခာအကူအညီများရရှိနိုင်ရန် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) က ပန်ကြားထားကြောင်း ကြာသပတေးနေ့ မီဒီယာသတင်းများတွင် ဖော်ပြထားသည်။

အီရီထရီးယားနိုင်ငံတွင် မိုးခေါင်နေမှုများကြောင့် ပြည်သူ ၂ဒသမ၃ သန်းခန့်မှာ ရိက္ခာရှားပါး ပြတ်လပ်နေပြီး ယင်းနိုင်ငံတွင် ရိက္ခာထွက်ရှိမှု မဖူမလုံဖြစ်နေခြင်းကြောင့် စားနပ်ရိက္ခာအကူအညီ တန်ချိန် ၂၅၀၀၀၀ လိုအပ်နေကြောင်း အက်ဖ်အေအိုကထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

အီရီထရီးယားနိုင်ငံတွင် လွန်ခဲ့သည့်နှစ်နှောင်းပိုင်းက ကောက်ပဲသီးနှံ ထုတ်လုပ်မှုတန်ချိန် ၈၅၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ ယင်းမှာ လွန်ခဲ့သည့် ၁၂ နှစ်တာကာလအတွင်း ကောက်ပဲသီးနှံ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မှု၏ ထက်ဝက်ကိုပင် ပြည့်မီခြင်းမရှိကြောင်း၊ သို့ဖြစ်၍ ကောက်ပဲသီးနှံတန်ချိန် ၈၀၀၀၀ ကို ဝယ်ယူရန်ရှိနေကြောင်း၊ ကောက်ပဲသီးနှံတန်ချိန် ၈၀၀၀ ကိုမူ ရိက္ခာအကူအညီများမှတစ်ဆင့် ရရှိနိုင်ကြောင်း၊ နောက်ထပ် ကောက်ပဲသီးနှံတန်ချိန် ၂၆၂၀၀၀ လိုအပ်မည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

လူဦးရေ ငါးသန်းပင်မရှိသော အီရီထရီးယားနိုင်ငံတွင် ပြည်သူ ၅၃ ရာခိုင်နှုန်းခန့်မှာ ဆင်းရဲမွဲတေစွာ နေထိုင်ကြကြောင်း၊ ယင်းနိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ် အမှီသဟဲပြုနေရပြီး လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် လုပ်ကိုင်သူများဖြစ်ကြောင်း ဆင်ဟွာက ရေးသားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## နိုင်ငံတကာရေးရာသတင်းများ

# အမေရိကန်တို့ အာချေးဒေသတွင် ဆူနာမီကယ်ဆယ်ရေးဆောင်ရွက်ခြင်းထက် မာလက္ကာရေလက်ကြားစုံစမ်းရေးကိစ္စများကိုသာ အလေးထားဆောင်ရွက်နေဟု အင်ဒိုပြောကြား

ဂျကာတာ ဇန်နဝါရီ ၂၁

**အင်ဒိုနီးရှားနိုင်ငံ အာချေးဒေသရှိ ဆူနာမီရေလှိုင်းဒဏ်ခံရသူများကို အကူအညီပေးရန် ရောက်ရှိလာသော အမေရိကန်တပ်ဖွဲ့များသည် အကူအညီပေးသည့်လုပ်ငန်းထက် မာလက္ကာ ရေလက်ကြားနှင့် သက်ဆိုင်သော ၎င်းတို့ သိလိုသည့်ကိစ္စများအတွက် ပို၍အလေးထားကာ ဆောင်ရွက်ခဲ့ကြကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ ထောက်လှမ်းရေး(ဘီအိုင်အမ်)၏ အကြီးအကဲ ဆရမ်ဆာစီရီဂါက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။**

အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးတွင် မာလက္ကာရေလက်ကြားသည် အရေးပါသောနေရာမှ ပါဝင်သဖြင့် အဆိုပါ ရေလက်ကြားကို အထူးစိတ်ဝင်စားခြင်းဖြစ် သည်ဟု စီရီဂါက ဆိုသည်။

ယခင်က အမေရိကန်သည်မာလက္ကာရေလက်ကြားကို ထိန်းချုပ်နိုင်ရေးအတွက် ကြိုးစားခဲ့ဖူးသည်။ ယခုအခါ ဆူနာမီရေလှိုင်းဒဏ်ခံစားရသူများကို ကယ်တင်ရန် လိုအပ်လာမှုကြောင့် အမေရိကန်တို့အနေဖြင့် ရေလက်ကြားအခြေအနေကို အသေးစိတ် သိရှိရန် ကြုံပမ်းခွင့်ရရှိသွားကြောင်း အင်ဒိုနီးရှားအစိုးရ အရာရှိများနှင့် ဥပဒေပြုအမတ်များတွေ့ဆုံညှိနှိုင်းသော အစည်းအဝေးအပြီးတွင် စီရီဂါက ပြောကြားခဲ့သည်။

### အစားထိုး

အထက်ပါ အခြေအနေများကြောင့် အာချေးပြည်နယ်၏ ကိစ္စအဝဝကို အင်ဒိုနီးရှား အစိုးရအနေဖြင့် တာဝန်ယူနိုင်သည်နှင့်တစ်ပြိုင်နက် အမေရိကန်တပ်ဖွဲ့များကို အဆိုပါ ဒေသမှ ထွက်ခွာသွားစေပြီး မိမိတို့ဘာသာ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မိမိတို့အနေဖြင့် နောက်သုံးလခန့်တွင် အာချေးဒေသကို တာဝန်ယူနိုင်မည်ဟုထင်ကြောင်း ပြောကြားခဲ့သည်။

### တာဝန်ချထား

အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးဌာနသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြကြောင်း၊လုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှုရန် စစ်ဘက်ဆိုင်ရာမှ အရာရှိတစ်ဦးကို တာဝန်ချထားပြီးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဂျူဝိုနိုဆူဒါဆိုနိုက ပြောကြားခဲ့သည်။လက်ရှိ အခြေအနေတွင် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံခြားတပ်ဖွဲ့ဝင် ပေါင်း ၁၉၀၀၀ ခန့်သည် အာချေးပြည်နယ် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။ ယခင်အခါများက အမေရိကန် တို့သည် ကမ္ဘာပေါ်တွင် သင်္ဘောအသွားအလာအများဆုံး နေရာတစ်ခု ဖြစ်သော မာလက္ကာရေလက်ကြားကို စောင့်ကြပ်ထိန်းချုပ်နိုင်ရန် ကြိုးစားခဲ့ကြဖူးသည်။ သို့ရာတွင် အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သည် အမေရိကန်တို့၏ လိုလားချက်ကို ခွင့်မပြုခဲ့ကြဟုဆိုသည်။ ၎င်းနိုင်ငံများအနေဖြင့် အဆိုပါဒေသ၏ လုံခြုံရေးကို ကိုယ်တိုင် တာဝန်ယူနိုင်ကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



**ထိုင်းနိုင်ငံ ဖူးကက်အပန်းဖြေပင်လယ်စခန်းကမ်းအလှကို ကြည့်ရှုနိုင်ရန်အတွက် ပြင်ဆင်နေသော အပျော်စီး မော်တော်တစ်စီးကို ဇန်နဝါရီ ၂၁ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဂျီ-၇ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားချက် အိန္ဒိယလက်ခံ

**နယူးဒေလီ ဇန်နဝါရီ ၂၁**

ဗြိတိန်နိုင်ငံ လန်ဒန်တွင် ဖေဖော်ဝါရီ ၄ ရက်၌ ကျင်းပမည့် စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု (ဂျီ-၇) ဘဏ္ဍာရေးဝန်ကြီးများ ဆွေးနွေးပွဲသို့တက်ရောက်ရန် ဖိတ်ကြားချက်ကို အိန္ဒိယနိုင်ငံက လက်ခံလိုက်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ချီဒမ်ဘာရမ်က ရိုက်တာသတင်းဌာနသို့ ကြာသပတေးနေ့တွင် ပြောကြားသည်။

ဂျီ-၇ ဆွေးနွေးပွဲ၌ အိန္ဒိယနိုင်ငံ ပါဝင်တက်ရောက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်မည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံနည်းတူ တရုတ်နိုင်ငံကိုလည်း ဂျီ-၇ ဆွေးနွေးပွဲတက်ရောက်ရန် ဖိတ်ခေါ်ထားကြောင်း၊ ဖိတ်ကြားချက်ကို မိမိလက်ခံကြောင်း ချီဒမ်ဘာရမ်က ပြောကြားသည်။

တရုတ်နိုင်ငံသည် အောက်တိုဘာလက ဝါရှင်တန်တွင် ကျင်းပခဲ့သော ဂျီ-၇ဆွေးနွေးပွဲ၏ ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး လန်ဒန်တွင် ကျင်းပမည့် ဂျီ-၇ ဆွေးနွေးပွဲသို့လည်း တက်ရောက်မည်ဟု မျှော်လင့်ရသည်။

အိန္ဒိယနှင့်တရုတ်နိုင်ငံတို့ကို ဂျီ-၇ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းသည် ယင်းနှစ်နိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပိုမိုပါဝင်လှုပ်ရှားလာမှုကို အသိအမှတ်ပြုသည့်လက္ခဏာ ဖြစ်ကြောင်း သံတမန်များက ပြောကြားကြသည်။

### ထွန်းသစ်စနိုင်ငံ

ဂျီ-၇ အုပ်စုတွင် အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ကနေဒါနှင့် ဗြိတိန်နိုင်ငံတို့ ပါဝင်သည်။ အိန္ဒိယနှင့်တရုတ်နိုင်ငံတို့သည် စီးပွားရေးထွန်းသစ်စနိုင်ငံ ၂၀အုပ်စု(ဂျီ-၂၀)တွင် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည်။ အဆိုပါနှစ်နိုင်ငံသည် စီးပွားရေးအရ အင်အားကောင်းလာသည့် နိုင်ငံများဖြစ်သည်နှင့်အညီ ကမ္ဘာ့စီးပွားရေးဆိုင်ရာ မူဝါဒများရေးဆွဲချမှတ်ရာ၌ ဖွံ့ဖြိုးဆဲနိုင်ငံများကို ကိုယ်စားပြုနိုင်သောနိုင်ငံများအဖြစ် ထိုက်တန်ကြောင်း ပိုင်းခြားစိတ်ဖြာသူများက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# တရုတ်နိုင်ငံအနောက်မြောက်ပိုင်း လျှပ်စစ်ရထားပြေးဆွဲရန် စီစဉ်

**ဇီနင် ဇန်နဝါရီ ၂၁**

တရုတ်နိုင်ငံတွင်ဒုတိယမြောက် ဒွေးလျှပ်စစ်ရထားလမ်း ဖောက်လုပ်မည်ဖြစ်ကြောင်း၊ ထိုစီမံကိန်းအတွက် ယွမ်ငွေ ၄ ဘီလီယံ(အမေရိကန်ဒေါ်လာ ၄၈၄ သန်း) ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ထိုရထားလမ်းသည်တရုတ်နိုင်ငံ အနောက်မြောက်ဘက် ဂန်ဆူးမြို့နှင့် ကင်ဟိုင်မြို့တို့ကို ဆက်သွယ်ဖောက်လုပ်မည် ဖြစ်ကြောင်း ဒေသတာဝန်ခံများက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

### ဒီဇိုင်းရေးဆွဲ

ဂန်ဆူးနှင့်ကင်ဟိုင်မြို့များကိုဆက်သွယ်ထားသော ရထားလမ်းအရှည်သည် ၁၆၉ ဒသမ ၉ ကီလိုမီတာ ရှည်လျားသည်။ ထိုရထားလမ်းကို အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၆၀မှ ၂၀၀ အထိ မောင်းနှင်နိုင်စေရန် ဒီဇိုင်းရေးဆွဲထားကြောင်း သိရသည်။

### လုပ်ငန်းပြီးစီး

ယခုရထားလမ်းသည် တရုတ်နိုင်ငံတွင် ဒုတိယမြောက်ဖောက်လုပ်သော ဒွေးလျှပ်စစ် ရထားလမ်းဖြစ်သည်။ ထိုစီမံကိန်းကို ယခုနှစ်၏ ဒုတိယနှစ်ဝက် နောက်ပိုင်းမှသာ စတင်မည်ဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် လုပ်ငန်းပြီးစီးမည်ဟု သိရသည်။ အသစ်ဖောက်လုပ်မည့် ရထားလမ်းကို ကွန်ဟိုင်း-တိဖက်ရထားလမ်းနှင့် ဆက်သွယ်မည်ဖြစ်သည်။ အဆိုပါ ဆက်သွယ်မှုရထားလမ်းကိုလည်း ၂၀၀၇ ခုနှစ်မှာပင် ဖွင့်လှစ်ရန် စီစဉ်ထားခဲ့သည်။ ယခုဖောက်လုပ်မည့်ရထားလမ်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်ပေါ်ဒေသ၌ ဖောက်လုပ်သောလမ်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဗီယက်နမ်နိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ကျင်းပမည်

**ဟန္နိုင်း ဇန်နဝါရီ ၂၁**

ဗီယက်နမ်နိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကြီးကို ဧပြီလတွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ ထိုပြပွဲတွင် တိုင်းပြည်များနှင့် နယ်မြေဒေသ ၂၀ ကျော်မှ ပါဝင်ပြသမည်ဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏ (၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကို "ဗီယက်နမ်အိပ်စ်ပို့စ် ၂၀၀၅"ဟု အမည်သမုတ်ထားသည်။ ထိုပြပွဲကို ဧပြီလ ၆ ရက်မှ ၁၀ ရက်ထိ ကျင်းပမည်ဖြစ်သည်။ ကုန်စည်ပြပွဲတွင် အစားအစာ၊ လျှပ်စစ်ပစ္စည်းများ၊ အသုံးချလျှပ်စစ်ပစ္စည်းများ၊ အသင့်ချုပ်ပြီး အဝတ်အထည်များ၊ ပရိဘောဂများ၊ လက်မှုအနုပညာပစ္စည်းများ၊ စက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ စသည်တို့ကို ပြသထားမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ ဇန်နဝါရီ ၁၉ ရက်က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ငါးရက်ကြာပြသသော ကုန်စည်ပြပွဲ၏ ဆောင်ပုဒ်မှာ ဗီယက်နမ်နိုင်ငံ ဖွံ့ဖြိုးရေးအလားအလာ ဟုဆိုသည်။ ထိုကုန်စည်ပြပွဲအတွက် စီးပွားရေးကန်ထရိုက်ချုပ်ဆိုရာ၌ အမေရိကန်ဒေါ်လာသန်း ၃၀၀ခန့်ရရှိမည်ဟု မျှော်မှန်းထားသည်ဟု သိရသည်။

အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲတွင် ပြည်ပတိုင်းပြည်များနှင့် နယ်မြေဒေသ ၁၃ ခုမှ ကုမ္ပဏီ ၁၆၀ တို့ ဝင်ရောက်ပြသမည်ဖြစ်ကြောင်း၊ ထိုကုန်စည်ပြပွဲတွင် ပြည်ပနိုင်ငံများမှ တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်း၊ ရုရှား၊ အမေရိကန် စသည့်နိုင်ငံများ ပါဝင်ပြသမည် ဖြစ်ကြောင်းနှင့် ဗီယက်နမ်နိုင်ငံ ဒေသတွင်းမှလည်း ယခုအချိန်ထိ စာရင်းပေးသွင်းထားသော ကုမ္ပဏီပေါင်း ၄၄၀ လည်း ဝင်ရောက်ပြသမည်ဖြစ်ကြောင်းအဆိုပါ ဌာနက ပြောကြားခဲ့သည်။

ယမန်နှစ်ကပြုလုပ်သော (၁၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းပေါင်း ၅၆၈ ခု ဝင်ရောက်ပြသခဲ့ပြီး ကန်ထရိုက်စာချုပ်အရ အမေရိကန်ဒေါ်လာ ၂၇၅ သန်း ရရှိခဲ့သည်ဟု သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



**နှစ်သစ်ကို ကြိုဆိုရန်အတွက် နှစ်သစ်ကူး အထိမ်းအမှတ် ကြက်ရုပ်များကို ဝယ်ယူနေကြသော မလေးကလေးငယ်နှစ်ဦးကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ၂၀၀၅ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ ခရီးသည် ၈ဒသမ၉ သန်းလာမည်မှန်း

**စင်ကာပူ ဇန်နဝါရီ ၂၁**

စင်ကာပူနိုင်ငံသည် ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၈ဒသမ၉ သန်းကို ကြိုဆိုနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ခရီးသွားလုပ်ငန်းဝင်ငွေမှ စင်ကာပူဒေါ်လာ ၁၀ ဒသမ ၄ဘီလီယံ (အမေရိကန်ဒေါ်လာ ၆ဒသမ၄ ဘီလီယံခန့်) ရရှိနိုင်ကြောင်းစင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

စင်ကာပူနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုသည် ယခုနှစ်တွင် ခရီးသွားဧည့်သည်ဦးရေအရ ၆ဒသမ၉ ရာခိုင်နှုန်း၊ ခရီးသွားလုပ်ငန်းဝင်ငွေအရ ၈ဒသမ၃ ရာခိုင်နှုန်း တိုးတက်လာရန် မျှော်မှန်းထားကြောင်း၊ ၂၀၀၄ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၈ဒသမ၃ သန်း လာရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းမှဝင်ငွေ စင်ကာပူဒေါ်လာ ၉ဒသမ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၅ဒသမ၉ ဘီလီယံခန့်) ရရှိခဲ့ကြောင်း အဆိုပါဘုတ်အဖွဲ့၏ကြေညာချက်တွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည်လျင်မြန်စွာတိုးတက်နေပြီး ၂၀၀၄ ခုနှစ်တွင် လျာထားချက်ထက်ကျော်လွန်ကာ ခရီးသည်များ လာရောက်ခဲ့ပြီး ဝင်ငွေရရှိမှု စံချိန်တင်နိုင်ခဲ့သည်။ ယင်းနိုင်ငံ၏ ၂၀၀၄ ခုနှစ် ခရီးသွားလုပ်ငန်း လျာထားချက်မှာ ခရီးသည် ၇ဒသမ၆ သန်းလာရောက်ရန်နှင့် ဝင်ငွေစင်ကာပူဒေါ်လာ ၈ဒသမ ၇ ဘီလီယံရရှိရန်ဖြစ်သည်။

၂၀၀၄ ခုနှစ်သည် ၂၀၀၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုနှင့် ဝင်ငွေအရ ၃၆ ရာခိုင်နှုန်းနှင့် ၃၈ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့သည်ကို တွေ့ရှိရကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။ လွန်ခဲ့သည့်နှစ်က စင်ကာပူနိုင်ငံသို့ လာရောက်သော ခရီးသည် ၈ ဒသမ ၃ သန်းအနက် ၆ သန်းကျော်မှာ အာရှနိုင်ငံများမှ ဖြစ်ကြပြီး စုစုပေါင်း လာရောက်သော ခရီးသည်ဦးရေ၏ ၇၃ ရာခိုင်နှုန်း ရှိသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# သွားဘက်ဆိုင်ရာ ဆရာဝန်များညီလာခံကို ဂုဏ်ပြုကြိုဆိုပါသည်

**ဒေါက်တာကျော်ညွန့်**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်များအသင်းညီလာခံကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်မှ ၂၉ ရက်နေ့အထိ လေးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပါသည်။ ယခုနှစ် သွားဘက်ဆိုင်ရာဆရာဝန်များ ညီလာခံသည် သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း စတင်ဖွဲ့စည်းတည်ထောင်ပြီးသည်မှ သက်တမ်း ၂၅နှစ် ပြည့်မြောက်ခဲ့သည့်နှစ် ဖြစ်သဖြင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ ငွေရတုအထိမ်းအမှတ်ညီလာခံကြီး ဖြစ်ပါသည်။ ထို့အတူ FDI အဖွဲ့ကြီးမှလည်း (၆)ကြိမ်မြောက်အဖြစ် မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ပူးတွဲညီလာခံ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ အသင်းအမှုဆောင်များအနေဖြင့် ငွေရတုညီလာခံဖြစ်သည့်အားလျော်စွာ ထူးခြားဆန်းပြား စည်ကားသိုက်မြိုက်အောင် ကျင်းပနိုင်ရေးအတွက် အထူးကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ FDI အဖွဲ့မှ အဖွဲ့ဝင် သွားနှင့်ခံတွင်းဆိုင်ရာ ပညာရှင်များ ၁၀ဦးခန့်သည် ညီလာခံသို့လာရောက်၍ သွားဘက်ဆိုင်ရာပညာရပ်များနှင့်ပတ်သက်သည့် နည်းပညာသစ်များ ဖြန့်ဖြူးဆွေးနွေးပေးမည်ဖြစ်ပါသည်။ ဆွေးနွေးမည့်ဘာသာရပ်တွင် ကလေးသွားကျန်းမာရေး (Paedodontic)၊ သွားအလှပြုပြင်ရေး (Aesthetic dentistry)၊ မေးရိုးခံတွင်း ခွဲစိတ်ခြင်းပညာရပ်များ (oral & maxillo facial surgery)၊ သွားများ ညီညာလှပအောင် ပြုပြင်ကုသခြင်း (orthodontic) နည်းပညာများ ပါဝင်မည်ဖြစ်ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံမှ သွားဘက်ဆိုင်ရာဆရာဝန်များကလည်း မိမိတို့လုပ်ငန်းအတွင်း တွေ့ရှိချက်အသစ်အဆန်း သုတေသနပြုဆောင်ရွက်ထားမှု စာတမ်းများလည်း ဖတ်ကြားကြဦးမည်ဟု သိရှိရာ အသင်းဝင်သွားဘက်ဆိုင်ရာဆရာဝန်များအနေဖြင့် ကြိုးစားတက်ရောက်ကြပါက ခေတ်မီနည်းပညာများ၊ နည်းစနစ်များ၊ ကုထုံးများကို တိုးတက်နေသောခေတ်နှင့်အညီ လိုက်ပါသိရှိ သဘောပေါက်နိုင်ပြီး ပြည်သူလူထု သွားကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်မည်ဖြစ်ပေသည်။

ကျန်းမာရေးဦးစီးဌာနလက်အောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ညီလာခံတက်လိုသူ သွားဘက်ဆိုင်ရာဆရာဝန်များအတွက် ညီလာခံတက်ရောက်နေသည့်ကာလအတွင်း အထူးရှောင်တခင်ခွင့်ဖြင့် ခံစားတက်ရောက်နိုင်ရန် ကျန်းမာရေးဦးစီးဌာနက စီစဉ်ပြီးဖြစ်ကြောင်း သွားဆရာဝန်များကို သိစေအပ်ပါသည်။

ဆေးပစ္စည်းပြခန်းများခင်းကျင်းပြသခြင်း၊ သွားအလှကုန်ပစ္စည်းများ၊ သွားပွတ်တံ၊ သွားတိုက်ဆေးကုမ္ပဏီများလည်း နှစ်တိုင်းထက်ထူးခြားစွာ ပြသရောင်းချခြင်း၊ အထူးနှုန်း လျှော့ဈေးများဖြင့် ရောင်းချခြင်း၊ လက်ဆောင်များ ချီးမြှင့်ခြင်းတို့လည်း ပါဝင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း၏ သက်တမ်း (၂၅)နှစ်မြောက် ငွေရတုရောက်သည့်နည်းတူ မြန်မာနိုင်ငံပြည်သူလူထုအတွက် သွားဘက်ဆိုင်ရာ ဆရာဝန်များဖြင့် သွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည်မှာလည်း ၂၅နှစ်ကျော်ခဲ့ပြီဖြစ်ပေသည်။

ကျန်းမာရေးဦးစီးဌာနအောက်ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ဆေးရုံ၊ ဒေသန္တရ ကျောင်းကျန်းမာရေးဌာနများမှပေးပို့သော လချုပ်များအရ မြန်မာတစ်နိုင်ငံလုံးတွင် လစဉ် သွားနှင့်ခံတွင်း လူနာပေါင်း ၁၂၀၀၀ ကျော်ကို ပြုစုကုသပေးလျက်ရှိပါသည်။ ရန်ကုန်ဆေးရုံကြီး သွားပြင်ပလူနာဌာန တစ်ခုတည်းမှာပင် နေ့စဉ်သွားလူနာပျမ်းမျှ ၇၅ဦးရှိပြီး တစ်နှစ်လျှင် သွားလူနာပေါင်း ၂၄၀၀၀ကျော် ကုသပေးနေရကြောင်း တွေ့ရှိရပါသည်။ ထိုနည်းတူ အခြားသော ဆေးရုံကြီးများဖြစ်သည့် သဃ်န်းကျွန်းစံပြဆေးရုံကြီး၊ အင်းစိန်ဆေးရုံကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတို့တွင်လည်း လူနာများကို တိုးတက်များပြားစွာ ကုသပေးလျက်ရှိနေကြောင်း တွေ့ရှိပါသည်။ တစ်နိုင်ငံလုံးအနေဖြင့် ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံဆေးခန်းများတွင် သွားရောဂါကုသခံယူသူ လူနာပေါင်း တစ်နှစ်လျှင် ၁၅၀၀၀၀ဦးခန့်ရှိပါသည်။ ပြင်ပဆေးခန်းလူနာများပါဆိုလျှင် သွားလူနာဦးရေ ထို့ထက်မကများပြားနေမည်မှာ အမှန်ပင်ဖြစ်ပေသည်။

သို့ပါ၍ နိုင်ငံတော်တွင် သွားနှင့် ခံတွင်းရောဂါများ လျော့နည်းသွားစေရန် အောက်ပါ ကဏ္ဍကြီးသုံးရပ်ဖြင့် တာဝန်ယူဆောင်ရွက်စေသင့်ပါသည်–

၁။ **သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များကဏ္ဍ၊**

၂။ **ပြည်သူလူထုပူးပေါင်းပါဝင်မှုကဏ္ဍ၊**

၃။ **သွားခံတွင်းသန့်စင်ပစ္စည်းများဖြစ်သော သွားပွတ်တံ၊ သွားတိုက်ဆေး ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီများကဏ္ဍ၊**

**သွားဘက်ဆိုင်ရာဆရာဝန်များ**အနေဖြင့် ပြည်သူလူထုအား သွားကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကုသခြင်း၊ ကာကွယ်ခြင်း၊ သွားကျန်းမာရေးပညာပေးခြင်းနှင့် အစားထိုးပြန်လည် တပ်ဆင်ပေးခြင်းလုပ်ငန်းများပါဝင်သည်။ ဖြစ်ပွားနေသည့် သွားပိုးစားရောဂါများ၊ သွားဖုံးရောဂါများ၊ ပြည်တည်နာရောဂါများကို ကုသပေးရန်ဖြစ်သော်လည်း တစ်ဖက်တစ်လမ်းမှ ကာကွယ်ရေးလုပ်ငန်းများ၊ ပညာပေးရေးလုပ်ငန်းများကို ထည့်သွင်းတိုးချဲ့ ဆောင်ရွက်ရမည်ဖြစ်ပေသည်။ **သွားရောဂါများသည် ကာကွယ်၍ ရသည့်ရောဂါများဖြစ်ရာ သွားရောဂါကာကွယ်ရေး၊ ပညာပေးရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်သင့်ပေသည်။**

အသင်းဝင်သွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် မြို့ပေါ်ဆေးခန်းများတွင်သာ ထိုင်၍ ကုသမနေဘဲ ကျေးလက်တောရွာများရှိ ပြည်သူများအတွင်း ကွင်းဆင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပေသည်။ မိမိအစီအစဉ်ဖြင့်ဖြစ်စေ၊ အခြားသော လူမှုရေးအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ ဌာနဆိုင်ရာများနှင့်ဖြစ်စေ ပူးပေါင်းလိုက်ပါကာ ကျေးလက်ပြည်သူများအား သွားရောဂါကုသပေးခြင်း၊ သွားကျန်းမာရေးပညာပေးဟောပြောခြင်း၊ သွားကျန်းမာရေးအတွက် လိုအပ်သော ပစ္စည်းပစ္စယ အသုံးအဆောင်များ ဖြန့်ဖြူးထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ကြရန်လိုအပ်ပါသည်။ ၎င်းပြင် ကျောင်းသူ၊ ကျောင်းသားများ၊ ပြည်သူများ သွားတိုက် လေ့ကျင့်ခန်းများ လက်တွေ့ဆောင်ရွက်အောင် အသိပညာ ခံယူချက်နှင့် လက်တွေ့စသော အမူအကျင့်များ ပြောင်းလဲလာသည်အထိ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်သွားရန် လိုအပ်လှပါသည်။

ပြည်သူများအနေဖြင့်လည်း မိမိတို့သွားများ ကျန်းမာခိုင်ခံ့စေရေးအတွက် တတ်သိနားလည် ကျွမ်းကျင်သော သွားနှင့်ခံတွင်း ဆရာဝန်ကြီးများ၏ သွားကျန်းမာရေး ဟောပြောချက်များကို မိမိတို့ကိုယ်တိုင် နားလည်သဘောပေါက်ပြီး လက်တွေ့ခံယူကျင့်သုံးဆောင်ရွက်ရန်လိုအပ်ပါသည်။ သွားနှင့်ခံတွင်း သန့်ရှင်းရေးအတွက် သွားပွတ်တံ၊ သွားတိုက်ဆေး အသုံးပြုခြင်း၊ ညအိပ်ရာမဝင်မီနှင့် နံနက်စာစားပြီး သွားတိုက်ခြင်း၊ အစားစားပြီးတိုင်း ပါးစပ်ဆေးပလုတ်ကျင်းခြင်း၊ သွားပိုးစားရောဂါဖြစ်စေသည့် ချိုသောအစာများကို လျှော့ပေါ့စားသုံးခြင်း၊ သွားအတွက်လိုအပ်သော အာဟာရဓာတ်များ၊ ဗီတာမင်များ၊ သတ္တုဓာတ်ပါသော အစားအစာများကို စားသုံးခြင်းဖြင့် မိမိတို့၏ အပြုအမူအနေအထိုင် အနည်းငယ်ပြောင်းလဲလိုက်ရုံဖြင့် သွားနှင့် ခံတွင်းရောဂါများ လျော့နည်းကျဆင်းသွားမည် ဖြစ်ပေသည်။ မိမိကိုယ်၌သာမဟုတ် မိမိပတ်ဝန်းကျင်ရှိ သားသမီး၊ မိဘဆွေမျိုး၊ မိတ်ဆွေများအား စည်းရုံးတိုးချဲ့ ဆောင်ရွက်စေခြင်းဖြင့် သွားရောဂါများ ကျဆင်းရေးအတွက် များစွာအထောက်အကူဖြစ်ပေမည်။

**ကျန်းမာရေးဌာနအနေဖြင့် ကျေးရွာများသို့ ကွင်းဆင်း၍ ပြည်သူများအား သွားကျန်းမာရေး ပညာပေးရာတွင် တစ်ခါတစ်ရံ အချို့က ဆင်ခြေပေးဆွေးနွေးသည်များရှိခဲ့ပါသည်။ ၎င်းတို့အနေဖြင့် ဝင်ငွေနည်းပါးသောကြောင့် သွားတိုက်ဆေးနှင့် သွားပွတ်တံဝယ်ယူရန် အခက်အခဲရှိကြောင်း၊ မိရိုးဖလာ တစ်သက်လုံး ဆားနှင့်မီးသွေးသုံးသည်မှာ ယခုအထိပင်ဖြစ်ကြောင်း၊ မည်သည့်ပြဿနာမှ မပေါ်ကြောင်း ဆွေးနွေးကြပါသည်။** အထူးသဖြင့် ဆားဖြင့်သွားတိုက်ခြင်းမှာ ဆားသည်မာသော ပုံဆောင်ခဲလေးများဖြစ်ပြီး သွားတိုက်ပါက သွား၏ကြွေလွှာကို ပွန်းစေပြီး အတွင်းမှကျဉ်သည့်အထပ် ပေါ်လာပါက သွားများကျဉ်တတ်ပါကြောင်းနှင့် သွားများကြားမှ စားကြွင်းစားကျန်များ မစင်သဖြင့် သွားဖုံးရောဂါရတတ်ပါကြောင်း၊ ကျန်းမာရေးဌာနအနေဖြင့် သွားပွတ်တံ၊ သွားတိုက်ဆေးကိုသာ အသိအမှတ်ပြုသဖြင့် သွားပွတ်တံ၊ သွားတိုက်ဆေးကို ငွေစုချွေတာပြီး ဝယ်ယူသုံးစွဲပါက ရောဂါကုရသည်ထက် များစွာသက်သာမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

**သွားခံတွင်းသန့်စင်ပစ္စည်းများဖြစ်သော သွားပွတ်တံ၊ သွားတိုက်ဆေး ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီများကဏ္ဍ**အနေဖြင့် မြန်မာနိုင်ငံတွင် ကျေးလက်ဒေသပြည်သူများမှာ ၇၀ရာခိုင်နှုန်း ရှိပါသည်။ ၎င်းတို့သည် ၎င်းတို့မိရိုးဖလာအတိုင်း သွားတိုက်လျှင် ဆားကိုသာ အသုံးပြုကြပါသည်။ ယခုအခါ ကမ္ဘာနှင့်အဝန်း သွားနှင့်ခံတွင်း ကျန်းမာရေး ကောင်းမွန်သန့်ရှင်းစေရန် သွားပွတ်တံ၊ သွားတိုက်ဆေး သုံးခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း အသိအမှတ်ပြုထားပြီးဖြစ်ပေသည်။ သို့ဖြစ်၍ ထိုမျှများပြားသော ၇၀ရာခိုင်နှုန်းသော ကျေးလက်ပြည်သူများအသုံးပြုနိုင်မည့် အာနိသင်ထက်မြက်၍ သွားပိုးစားရောဂါ ကာကွယ်နိုင်သော Fluoride ပါသော သွားတိုက်ဆေးနှင့် စံချိန်မီ သွားပွတ်တံများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချ ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်သင့်ပေသည်။

Fluoride မပါသော သာမန်သွားတိုက်ဆေးများမှာ ခံတွင်းအနံ့အသက် ကင်းစင်စေသော်လည်း သွားပိုးစားရောဂါများကို ကာကွယ်နိုင်မှုမရှိချေ။ သတ်မှတ်ထားသော Fluoride အမျိုးအစားပါသော သွားတိုက်ဆေးများသာလျှင် သွားကိုမာစေပြီး သွားပိုးစားသည့်ဒဏ်၊ အက်စစ်စားခြင်းဒဏ်မှ ကာကွယ်နိုင်မည် ဖြစ်ပေသည်။ သို့ပါ၍ အရည်အသွေးပြည့်မီ၍ စံချိန်စံညွှန်းနှင့်ကိုက်ညီသော သွားပွတ်တံ၊ သွားတိုက်ဆေးများကို ပြည်သူများအနေဖြင့် သုံးစွဲသင့်ပါသည်။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းသည် တင်ပြလာသော သွားပွတ်တံ၊ သွားတိုက်ဆေးများအပေါ် စိစစ်လေ့လာ၍ ပြည်သူများအတွက် သုံးစွဲရန်သင့်လျော်သော သွားတိုက်ဆေး၊ သွားပွတ်တံကုမ္ပဏီအချို့ကို ထောက်ခံချက်များ ပေးလျက်ရှိပါသည်။

သို့ရာတွင် ယခုအခါ မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ရောင်းချနေသော သွားတိုက်ဆေးများ စံချိန်စံညွှန်းမီ ဖလိုရိုက်ပါဝင်ရန်နှင့် မြန်မာနိုင်ငံနှင့်သင့်လျော်မှုရှိစေရန် သွားတိုက်ဆေးများအတွက် လမ်းညွှန်မှုကော်မတီ (Tooth Paste Steering Committee) ကို ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

၎င်းပြင် သွားတိုက်ဆေးများအတွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် လေးဦးပါဝင်သော လုပ်ငန်းကြီးကြပ်မှုကော်မတီ (Tooth Paste Monitoring Committee) နှင့် ဖလိုရိုက်သွားတိုက်ဆေးများအတွက် မြှင့်တင်ရေးအဖွဲ့ (Tooth Paste Promotion Committee)ကို လည်း အဖွဲ့ဝင် ရှစ်ဦးဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ ပြည်သူများအတွက် အရည်အသွေးပြည့် စံချိန်စံညွှန်းကိုက်ညီပြီး အသုံးပြု၍ သင့်တော်မည့် သွားတိုက်ဆေးများအား ရွေးချယ်သုံးစွဲရန် ပညာပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့ပါ၍ သွားတိုက်ဆေး၊ သွားပွတ်တံကုမ္ပဏီများအနေဖြင့် အရည်အသွေးပြည့်မီ၍ စံချိန်စံညွှန်း ကိုက်ညီပြီး ကျေးလက်ပြည်သူများပါ သုံးစွဲနိုင်မည့် ဈေးနှုန်းချိုသာသော သွားတိုက်ဆေး၊ သွားပွတ်တံများကို ဦးစားပေး ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ဤကဏ္ဍသုံးရပ်ကို မှန်ကန်စွာပေါင်းစည်းကျင့်သုံးဆောင်ရွက်နိုင်လျှင် ပြည်သူများအတွင်း အဖြစ်များနေသော သွားခံတွင်းရောဂါများ လျင်မြန်စွာလျော့နည်းသွားနိုင်မည် ဖြစ်ပါကြောင်း သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံကို ဂုဏ်ပြုကြိုဆို ရေးသားအပ်ပါသည်။ ။

## သြဝါဒခံယူပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဗောဓိဆရာတော်အား တပည့်အပေါင်းတို့က အာစရိယဝန္ဒနာပူဇာမင်္ဂလာနှင့် သြဝါဒခံယူပွဲကို ၁၃၆၆ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်၊ ဇန်နဝါရီ ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ မဟာဗောဓိပရိယတ္တိ စာသင်တိုက်၌ စာပေပညာသင်ယူဆည်းပူးခဲ့သော တပည့်များ မပျက်မကွက် ကြွရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။ (က–ပ)

## ဘုရားဖြူဓမ္မသဘင် တရားပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသော (၇၃)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ ဆုနှင်းသဘင်အကြိုတရားပွဲအဖြစ် ဇန်နဝါရီ ၂၄ရက်၊ (ပြာသိုလပြည့်နေ့)ညတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ(ရွှေလင်းယုန်) ဆရာတော်ကြီးက တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)


လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေး

နှင့်

အာဆီယံရိက္ခာလုံခြုံရေးသတင်းစနစ်စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာတတိယအကြိမ်အစည်းအဝေး

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့မှ (၂၈)ရက်နေ့အထိ

ကန်တော်ကြီးပဲလေ့ဟိုတယ်၊ ရန်ကုန်မြို့။


## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၃-၁-၂၀၀၅ (တနင်္ဂနွေနေ့)**

### နံနက်ပိုင်း

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ **ဆရာတော်ဦးဃောသိတ တရားတော် – အစွန်းနှစ်ဖက်သို့မကပ်ပါမှ** |
| ၉:၁၀ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၉:၁၁ | ၁၁။ ပြီးပါပြီ။ |

### ညပိုင်း

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - Essentials of a Valid Contract (ဒုတိယနှစ်–ဥပဒေပညာအထူးပြု) |
| ၄:၃၀ | ၅။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၀၀ | ၆။ အမေးကမ္ဘာတွေးစရာ |
| ၆:၀၀ | ၇။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၈။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၉။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၁။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း–၄)** |
| ၈:၀၀ | ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၅။ မြန်မာ့ရှုခင်း |
| | ၁၆ ။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၇။ **English Premier League ဘောလုံးပွဲ Arsenal Vs New Castle United** |
| | ၁၈။ သင့်အတွက်မနက်ဖြန် |
| | ၁၉။ အပိတ်နှုတ်ဆက်စကား |
| | ၂၀။ ပြီးပါပြီ။ |

# တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် ပုဏ္ဏားကျွန်းမြို့ တော်ခန်းမအုတ်မြစ်စီအခမ်းအနားတက်ရောက်

ရန်ကုန်  ဇန်နဝါရီ  ၂၂

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းက ပုဏ္ဏားကျွန်းမြို့ မြို့တော်ခန်းမတည်ဆောက်မည့်မြေနေရာ၌ကျင်းပသည့် မြို့တော်ခန်းမ အုတ်မြစ်စီအခမ်းအနားသို့ တက်ရောက်သည်။**

အစီအစဉ်အရ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က မြို့တော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## အုတ်မြစ်စီ

ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာများ၌ နေရာယူကြပြီး အုတ်မြစ်များကို စီသွင်းပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## တည်ဆောက်မည်

အဆိုပါ ပုဏ္ဏားကျွန်းမြို့ မြို့တော်ခန်းမသည် အလျားပေ ၁၃၀၊ အနံပေ ၅၀ရှိပြီး နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် ၃၆၈ ဒသမ၅သိန်းအကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် တိုင်းမှူးသည် ပုဏ္ဏားကျွန်းမြို့ ငရုတ်ကောင်းမျိုးသန့် မျိုးပြန့်ပွားရေးနှင့် ပညာပေး စံပြငရုတ်ကောင်းခြံသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူးဦးအေးကိုက စံပြငရုတ်ကောင်းမျိုးခြံအတွင်း ငရုတ်ကောင်းစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ငရုတ်ကောင်းမျိုးခြံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

# တီ=နီ သာသနာပြု ဥပဋ္ဌာကအဖွဲ့ နှစ်ပတ်လည်စုံညီအစည်းအဝေး ကျင်းပမည်

**ရန်ကုန်  ဇန်နဝါရီ  ၂၂**

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတော်မူခဲ့သော တီ=နီ(ပင်မ)အဖွဲ့၊ တီ=နီရန်ကုန်ဌာန၊ မန္တလေးဌာန၊ စစ်ကိုင်းဌာန၊ ပြင်ဦးလွင်(အနီးစခန်း)ဌာနစာအုပ်စာပေ မော်ကွန်း၊ အနုပညာအဖွဲ့၊ သုဘဒ္ဒါအဖွဲ့ အမှုဆောင်များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအကျိုးတော်ဆောင်များ တစ်ဖွဲ့လျှင် နှစ်ဦးစီဖြင့် (၂၂)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးကြီးကို ဆရာတော်ကြီး ပျံလွန်တော်မူသည့် (၁၂)နှစ်ပြည့်မြောက် အထိမ်းအမှတ်အဖြစ် ကျင်းပမည်ဖြစ်သည်။

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖေဖော်ဝါရီ ၆ ရက်အရောက် ကြွရောက်၍ ၇ရက်၊ ၈ရက်တွင် အမှတ် (၁၂)၊ စကားဝါလမ်း၊ တိပိဋကကျောင်းတော်၌ အစည်းအဝေးကျင်းပမည်ဖြစ်၍ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)

## ကြည့်ရှုစစ်ဆေး



**နေပြည်တော်မြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် မြို့ပတ်လမ်းမြေ ပြု ပြင် မှု နှင့် ကျောက်များခွဲစိတ်ထားရှိမှုကို ဒီဇင်ဘာ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးအောင်မြင့်ဋ္ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။**

(နယ်စပ်/စည်ပင်)

# အောင်လံမြို့နယ်ကျောက်ဆည်ကျေးရွာ ကျေးရွာဆိုင်းဘုတ်ဖွင့် နွေစပါးစိုက်ပျိုးရန် လယ်မြေ ဧက ၂၅၀ တမံပိတ် ရေလွှတ် သုံးကီလို ရေအားလျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန်  ဇန်နဝါရီ  ၂၂

**မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ကျောက်ဆည်ကျေးရွာ၏ ကျေးရွာဆိုင်းဘုတ်ဖွင့်ပွဲ၊ နွေစပါးစိုက်ပျိုးရန် အတွက်လယ်မြေဧက ၂၅၀ တမံပိတ် ဆည်ရေလွှတ်ပွဲနှင့် သုံးကီလို ရေအားလျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက် ၉နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။**

## တက်ရောက်

ယင်းအခမ်းအနားသို့ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စန်း၊ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဆွေ၊ သရက်ခရိုင်အသင်းအတွင်းရေးမှူးဦးဝင်းကျော်နှင့် အလုပ်အမှုဆောင်အဖွဲ့၊ အောင်လံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့၊ အောင်လံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစန်းလွင်နှင့် အလုပ်အမှုဆောင်အဖွဲ့၊ မြို့ပေါ်ရှိဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ဒေသခံ မိဘပြည်သူများ စုစုပေါင်း အင်အား ၁၅၀၀ ကျော် တက်ရောက်ကြသည်။

## ကျေးရွာဆိုင်းဘုတ်ဖွင့်လှစ်

ကျေးရွာဆိုင်းဘုတ် ဖွင့်လှစ်ခြင်း အခမ်းအနားတွင် အောင်လံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ်အမှုဆောင် ဦးသန်းဆွေတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ရေအားလျှပ်စစ် မီးဖွင့်ပွဲ လုပ်ငန်းအတွက် သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းကျော်က ပံ့ပိုးလှူဒါန်းငွေကျပ် ၂၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ကျောက်ဆည်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးစိုးမြင့်က လက်ခံယူသည်။ (သတင်းစဉ်)

# သံဖြူဇရပ် ကွမ်သတ်ကျေးရွာ စက်ရေတွင်း ဖွင့်ပွဲကျင်းပ

**သံဖြူဇရပ်  ဇန်နဝါရီ  ၂၂**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ငွေကျပ် ၂၂သိန်းကျော် အကုန်အကျခံဆောင်ရွက်ပြီးစီးခဲ့သည့် သံဖြူဇရပ်မြို့၊ ကွမ်သတ်ကျေးရွာ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ရက်က ကျင်းပသည်။ အခမ်းအနားတွင် စက်ရေတွင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည်မိုးနှင့် ကျေးရွာဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အထိမ်းအမှတ်အလံကို မြို့နယ်အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက မြို့နယ်အတွင်းရေးမှူးနှင့် ကျေးရွာဥက္ကဋ္ဌတို့ထံ ပေးအပ်သည်။ ဖွင့်လှစ်လိုက်သည့် စက်ရေတွင်းတည်ရှိရာသို့ မြို့နယ်အတွင်းရေးမှူးနှင့် မြို့နယ်အမှုဆောင်အရာရှိတို့က ရေထွက်အားကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ (အောက်ပုံ) တစ်နေ့ဂါလန် ၁၅၀၀ ထွက်ရှိကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

**ဇန်နဝါရီ ၂၂ ရက်က သဃ်န်းကျွန်းမြို့နယ် ရတနာသီရိလမ်း ဇဝနလုံးချင်းအိမ်ရာ တိုက်(၁)နေ ဖခင်ကြီးဦးဝင်းမောင်တင်–မိခင်ကြီး ဒေါ်သန်းအေး၊ အစ်မ ဆရာမ ဒေါ်ဆွေဆွေဝင်း (E.T) နှင့် မောင်ဖြစ်သူ ဗိုလ်မှူးစိုးဝင်းနိုင် – ဇနီး ဒေါ်အေးအေးမြတ်မော်၊ သမီးဆွေဇင်နိုင်မိသားစုက မျက်စိ အတွင်းတိမ်လူနာများအတွက် ငွေကျပ် သုံးသိန်းငါးသောင်းတန်ဖိုးရှိ မျက်တွင်းမှန် (I.O.L) ၁၀၀ကို မျက်စိအထူးကုဆေးရုံကြီးတွင် ပေးအပ်လှူဒါန်းရာဆေးရုံအုပ်ကြီးဒေါက်တာ အမ်ဂျာနော် လက်ခံယူစဉ်။**

(က–ပ)



# ရွှေရတု ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန်  ဇန်နဝါရီ  ၂၂**

ရွှေရတု နှစ်(၅၀)ပြည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပသည်။

မန္တလေးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (က)အုပ်စုမှ ကချင် ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်က ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ကချင်ပြည်နယ်မှ ညွှန့်ဝင်းက ရရှိသွားသည်။

ပဲခူးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ဂ)အုပ်စုမှ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းက ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ဧရာဝတီတိုင်းမှ ဇေယျာဖြိုးမြင့်က ရရှိသွားသည်။

(သတင်းစဉ်)



## ကြည့်ရှု

**ဇန်နဝါရီ ၂၂ ရက်က လှိုင်မြို့နယ် MICT Park ၌ ပြုလုပ်သည့် စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ တွင် Unique Computer Center ပြခန်း၌ ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုစဉ်။**

(က–ပ)





**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်မြို့တော်သန့်ရှင်းသပ်ရပ်စေရန် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (ရန်ကုန်တိုင်း)

# တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းစေရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၂

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသပ်ရပ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

## ကြည့်ရှုစစ်ဆေး

တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် နံနက် ၆နာရီခွဲမှစတင်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့ကို ဆက်သွယ်ထားသည့် အရှည်ပေ ၆၉၀၀၊ အကျယ် ၄၈ ပေရှိ မောင်းမကန်ကမ်းသာလမ်း ကျောက်ချော ကတ္တရာလမ်းခင်းရန် စက်ယန္တရားများဖြင့် အမာခံဂဝံလမ်းသားခင်းလျက်ရှိသည့် အခြေအနေနှင့် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ တူးဖော်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ အဆိုပါ လမ်းပေါ်၌ တိုးကြောင်ကလေးချောင်းကို ဖြတ်၍ အရှည်ပေ ၃၀၊ အကျယ်ပေ ၆၀ရှိ သံကူကွန်ကရစ်အမျိုးအစား တိုးကြောင်ကလေးချောင်းဖြတ် ကွန်ကရစ် တံတားတည်ဆောက်လျက်ရှိသည့်အခြေအနေကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ ဧရာဝဏ်လမ်းနှင့် အမှတ်(၂) လမ်းမကြီးတို့ကို ဆက်သွယ်ထားသည့် အရှည်ပေ ၁၁၈၀၀၊ အကျယ် ၄၈ ပေရှိ မောင်းမကန်ကမ်းသာလမ်း၏ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လမ်းပိုင်း ကျောက်ချောကတ္တရာခင်းပြီးစီးသည့် အခြေအနေကို လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၅)ရပ်ကွက်နှင့် (၂၆)ရပ်ကွက်ကြား ပုလဲရတနာလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း တစ်လျှောက် လမ်းဘေး လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများခင်းလျက်ရှိသည့် အခြေအနေ၊ လမ်းဘေးကတ်တုံးများ တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ကမာရွတ်မြို့နယ် ဦးဝိစာရလမ်း တစ်လျှောက် ရွှေလီလမ်းနှင့် သံလွင်လမ်းကြား လမ်းဘေးလူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများ ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် ဆင်မလိုက် လမ်းဆုံတို့ကို ဆက်သွယ်ထားသည့် နာနတ်တော ခုံးကျော်တံတားပေါ်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) ဌာနမှ စက်ယန္တရားကြီးများဖြင့် ၄၈ပေအကျယ်ရှိ နိုင်လွန်ကတ္တရာလမ်းခင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ စုပေါင်း၍ အမှိုက်နှင့် ချုံနွယ်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေနှင့် ဆေးရုံ အတွင်း၊အပြင် သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

## မှာကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းခြင်းလုပ်ငန်းများကို စနစ်တကျ သန့်ရှင်းသပ်ရပ်စွာဖြင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းမီစွာ အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

**ရန်ကုန်မြို့တော် ပတ်လည် မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း စိုက်ပျိုးရေရရှိရေးအတွက် ပဲခူးတိုင်း ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာအနီး၌ ရေထိန်း၊ရေကျအဆောက်အအုံကို ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။** (၃၇၀)



✻ ရှေ့ဖုံးမှ

လက်တံမြောင်းများမှတစ်ဆင့် လယ်မြေအတွင်း စိုက်ပျိုးရေ လုံလောက်စွာ ပေးသွင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ကန်သင်းပေါင်များတစ်လျှောက် စားပင်သီးပင်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

## ပံ့ပိုးဖြည့်ဆည်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နွေစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရေး၊ နွေစပါးစိုက်ခင်းများအတွင်း စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရန် နည်းလမ်းမျိုးစုံ အသုံးပြုဆောင်ရွက်ရေး၊ အကျိုးပြုကေ ပိုမိုတိုးချဲ့၍ ရေသွင်းစိုက်ပျိုးနိုင်ရေး ကြိုးပမ်းသွားကြရန်နှင့် လယ်မြေပတ်ဝန်းကျင် မြေလွတ်၊ မြေလပ်များ၌ စားပင်သီးပင်များ ပိုမို တိုးချဲ့စိုက်ပျိုးသွားကြရန်မှာကြားပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူအား စင်ကာပူကုမ္ပဏီဥက္ကဋ္ဌ တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူအား စင်ကာပူနိုင်ငံ အခြေစိုက် Navitas Management Pte., Ltd. ကုမ္ပဏီမှ ဥက္ကဋ္ဌဖြစ်သူ Mr. Willian Tan နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၀ရက် နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ❍ နှစ်(၆၀)ပြည့်မှ

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၃) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)နှင့် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က အောင်လံလွင့်မယ့် ဒို့တပ်မတော်၊ စံပြဒို့တပ်မတော်၊ မြန်မာအာဇာနည် စစ်ချီတေးများဖြင့် လည်းကောင်း၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဘုရင့်နောင်) ကိုယ်စားပြု စစ်တီးဝိုင်းက ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ဒို့စစ်သည်၊ မျိုးမြန်မာပြည်ရွာ စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၃) စစ်အခြေခံ လေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့စစ်သည်၊ ရဲသွေးရဲမာန်၊ ပြည်သူ့သားကောင်း စစ်ချီတေး များဖြင့်လည်းကောင်း၊ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက မြန်မာဒို့ရဲ့တပ်မတော်၊ ဘာမထီအာဇာနည်၊ ရဲသွေးရဲမာန် စစ်ချီတေးများဖြင့် လည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က ပြည်သူ့သားကောင်း၊ ဒို့စစ်သည်၊ မျိုးမြန်မာပြည်ရွာ စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက မြန်မာဒို့ရဲ့ တပ်မတော်၊ မျိုးမြန်မာပြည်ရွာ၊ အမျိုးချစ်ဇာနည် အောင်စစ်သည် စစ်ချီတေးများဖြင့် လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ အဖွဲ့ဝင်၊ ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက အလှသရုပ်ပြ ဖျော်ဖြေကြသည့် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ ကျင်းပသည့် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ တပ်မတော် အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ/စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



**ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ်–၇၂(ဘီ)နေ ဦးရဲတင့်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကျောင်း၏ မြို့မဖခင်ကြီး ဦးဘလွင်ခန်းမ၌ ကျင်းပရာ မိဘဆရာအသင်း နာယကများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၏ဇနီး ဒေါ်တင်တင်ညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဇနီး ဒေါ်သဇင်နွယ်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ဆရာ၊ ဆရာမများ၊ ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူလေးများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ယင်းနောက် မိဘဆရာအသင်း ဥက္ကဋ္ဌ ကျောင်းအုပ်ကြီး ဦးတင်မောင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင်များအား အသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အမှာစကားပြောကြားပြီး ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ခြောက်ဘာသာနှင့် ငါးဘာသာ ဂုဏ်ထူးရှင်များအား ဆုချီးမြှင့်ကာ ဂုဏ်ထူးရှင်များနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ လေးဘာသာဂုဏ်ထူးရှင်များအား ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၏ဇနီး ဒေါ်တင်တင်ညွန့်ကလည်းကောင်း၊ သုံးဘာသာ ဂုဏ်ထူးရှင်များအား မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များ အသင်းဥက္ကဋ္ဌ ဦးသန်းဦးကလည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် ခွင့်ရက်မယူ ပညာသင်ကြားပေးကြသော ဆရာမများနှင့် ပညာရည်ချွန်ဆုရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကာ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် မိဘဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအပေါ် ထောက်ခံဆွေးနွေး အတည်ပြုကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

# ပထမအကြိမ် အဲယားပုဂံ ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၂၂**

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd က အဓိကကူညီပံ့ပိုးသည့် ၂၀၀၅ ခုနှစ် ပထမအကြိမ် Air Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ပုဂံဂေါက်ကွင်း၌ ဆက်လက် ကျင်းပရာ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံဂေါက်သီးရိုက်အားကစား မောင်မယ်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

**ဦးဆောင်ကစား**

ပြိုင်ပွဲ၏ တတိယနေ့ (၁၈)ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် စိုးကျော်နိုင် (Srixon) က ၇၄+၇၅+၆၇ ပေါင်း ၂၁၆ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

သန်းနိုင် (Wilson)က ၇၄+၇၃+၇၁ ပေါင်း ၂၁၈ချက်ဖြင့် ဒုတိယ၊ မင်းလွင်ဦး (Wilson)က ၇၂+၇၅+၇၂ ပေါင်း ၂၁၉ချက်ဖြင့် တတိယ၊ မင်းနိုင် (Srixon) က ၇၂+ ၇၈+၇၀ ပေါင်း ၂၂၀ဖြင့် စတုတ္ထ အသီးသီး လိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ဇော်ဇင်ဝင်းက ၇၆+၆၉+၇၁ ပေါင်း ၂၁၂ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

ဘိုဘိုက ၇၅+၇၄+၆၇ နှင့် သိန်းဇော်မြင့်က ၇၁+၇၂+၇၄ ပေါင်း ၂၁၆ ချက်ဖြင့် ဒုတိယလိုက်ကြပြီး အောင်ဝင်းက ၇၇+၇၀+၇၅ ပေါင်း ၂၂၂ ချက်ဖြင့် တတိယလိုက်နေသည်။

အဆိုပါပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော ဂေါက်သီးရိုက် အားကစားသမားများအတွက် Official Hotel အဖြစ် Myanmar Treasure Resort Hotel ကို သတ်မှတ်ထားပြီး ယင်းပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By Han Event Management ကတာဝန်ယူဆောင်ရွက်ပေးလျက် ရှိသည်။

ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီတွင် စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကွင်း၌ ဆက်လက် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

# ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် မြိတ်ဂေါက်ကွင်း၌ ကျင်းပမည်




**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd. နှင့် Han Event Management တို့ ပူးပေါင်း စီစဉ်ကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2004-2005) စတုတ္ထပွဲစဉ်ကို ဇန်နဝါရီ ၃၀ ရက်တွင် မြိတ်မြို့ မြိတ်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ကျင်းပမည်**

အဆိုပါပြိုင်ပွဲတွင် အပျော်တမ်းအဆင့် ဂေါက်သီးရိုက်အသင်းများမှ ဂေါက်သီးရိုက် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အားကစားသမားများနှင့် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သူများ ယှဉ်ပြိုင်ခွင့်မပြုပေ။ ပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာ ကျင့်သုံးပြီး အချက်အကျောပေးပြိုင်ပွဲ System 36 ပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။

**ဆုချီးမြှင့်မည်**

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်တွင် ဆုချီးမြှင့်မည်ဖြစ်ရာ ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အနီးဆုံးရိုက်ချက်ဆု၊ အဝေးဆုံးရိုက်ချက်ဆု၊ Most Par ဆု၊ Most Birdies ဆုနှင့် နှစ်သိမ့်ဆု ၁၀ ဆု ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် Hole-In-One ဆုရရှိကြသူများအား ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ရွှေပြား ဆုတံဆိပ်ချီးမြှင့်မည်ဖြစ်သည်။

**ပါဝင်ယှဉ်ပြိုင်ခွင့်**

ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် မြိတ်ဂေါက်ကွင်း၌ အမည်စာရင်း ပေးသွင်းကြရမည်ဖြစ်သည်။ စတုတ္ထပွဲစဉ်မှ အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမားများ လေးဦးသည် ပထမပွဲစဉ်မှ အကောင်းဆုံး ဂေါက်သီးရိုက်အားကစားသမား လေးဦး၊ ဒုတိယပွဲစဉ်မှ အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမား လေးဦး၊ တတိယပွဲစဉ်မှ အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမား လေးဦးတို့နှင့်အတူ ၂၀၀၅ ခုနှစ် မတ် ၆ ရက်၌ မြို့တော် ဂေါက်ကွင်းတွင် ကျင်းပမည့် Final Round ပွဲစဉ်၌ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

**ကူညီပံ့ပိုး**

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို Co-sponsors များဖြစ်ကြသော Air Mandalay ၊ Popa Aqua ၊ Crusher Club Soda ၊Ping (Pan Dagon Int'l Ltd.) နှင့် Traders Hotel တို့က ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြမည်ဖြစ်သည်။

(ကြေးမုံ)



**၂၀၀၅ ခုနှစ် ပထမအကြိမ်** Air Bagan Open Golf Championship **ဂေါက်သီးရိုက်ပြိုင်ပွဲ** Professional Golfers **ပြိုင်ပွဲတွင် တတိယနေ့ပြိုင်ပွဲ၌ ဦးဆောင်ကစားလျက်ရှိသော စိုးကျော်နိုင်** (Srixon) **ပါဝင်ယှဉ်ပြိုင်စဉ်။** (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

# ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲဝင်များ တွေ့ဆုံမိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲဝင် အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ အမှုဆောင်များ တွေ့ဆုံမိတ်ဆက်ပွဲကို ယနေ့ နံနက် ၉နာရီတွင် သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပသည်။

**မိတ်ဆက်ပေး**

တွေ့ဆုံမိတ်ဆက်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဧည့်သည်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကား ပြောကြား၍ ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်း အသင်းများနှင့် မိတ်ဆက်ပေးသည်။ (သတင်းစဉ်)





**တွေ့ဆုံ မိတ်ဆက်**

**မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း တင်းနစ်ပြိုင်ပွဲဝင်အသင်းများ တွေ့ဆုံ မိတ်ဆက်ပွဲ အခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။**

(အား/ကာ)

# တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ဆိုက်ခေါင်–နမ့်စန်ရထားလမ်းဖောက်လုပ်မှုစစ်ဆေး တည်ဆောက်ပြီးစီးသွားသည့် ပွန်ချောင်းတံတားကို ရထားဖြင့် ဖြတ်သန်းကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၂၂

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၆ရက် မွန်းလွဲပိုင်းက ဆိုက်ခေါင်–နမ့်စန် မီးရထားလမ်းပေါ်ရှိ ပွန်ချောင်းတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းမှူးအား မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ် သောင်းအေးနှင့် တာဝန်ရှိသူများက ဆိုက်ခေါင်– နမ့်စန် မီးရထားလမ်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။**

### ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လုပ်ငန်းများသတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် တည်ဆောက်ပြီးစီးသွားသည့် ပွန်ချောင်းတံတားအား မီးရထားဖြင့် စီးနင်းဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါပွန်ချောင်းတံတားသည် အရှည်၇၂၇ပေ၊ အကျယ်၁၃ပေ၊ တံတားခံနိုင်ဝန် ၇၂တန်ရှိပြီး သံကူကွန်ကရစ်နှင့် သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။

အဆိုပါဆိုက်ခေါင်–နမ့်စန်မီးရထားလမ်းတွင် ဆိုက်ခေါင်–ပွန်ချောင်းလမ်း ၄၈မိုင်နှင့် ပွန်ချောင်း–နမ့်စန်လမ်းပိုင်း ၅၅မိုင်အနက် နမ့်စန်မှ ကောင်းဆိုင်အထိ ၂၇ဒသမ ၅မိုင်မှာ ဖောက်လုပ်ပြီးစီး၍ မီးရထားပြေးဆွဲလျက်ရှိပြီး ကျန်ရှိသော ပွန်ချောင်း–ကောင်းဆိုင်လမ်းပိုင်းကို ဆက်လက်ဖောက်လုပ်လျက်ရှိသည်။

(သတင်းစဉ်)

### အလှူငွေပေးအပ်



**မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန်အတွက် ဇန်နဝါရီ ၇ရက်က ဘုရားရင်ပြင်တော် ပေါ် တွင် အလှူငွေ ပေးအပ်ပွဲ ကျင်းပရာ အလှူရှင် မန္တလေးနီလှိုင် မိသားစုက ဆလိုက်မီးကြီးတစ်လုံး တန်ဖိုးငွေကျပ် ၃၈၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။**

(က–ပ)

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**မုဒုံမြို့နယ် သွေးလှူဒါန်းရေးကော်မတီက ကြီးမှူးကျင်းပသော သွေးလှူရှင် ဂုဏ်ပြုပွဲနှင့် ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက်က မုဒုံမြို့ ရွှေဟင်္သာခန်းမဆောင်တွင်ကျင်းပရာ မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးစိုးလွင်က သွေးလှူရှင် မှတ်တမ်းစာအုပ် လှူဒါန်းသော အလှူရှင် မုဒုံမြို့နယ်အသင်း (ရန်ကုန်) ဘဏ္ဍာရေးမှူး၊ [တွဲဖက်အမှုဆောင် ဒါရိုက်တာ (ငြိမ်း)] ဦးအောင်ဖေအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**

(၃၀၇)



# ကျောင်းဆောင်များ ရေစက်ချပွဲနှင့်အဂ္ဂမဟာပဏ္ဍိတဆရာတော်ပူဇော်ပွဲ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း တက်ရောက်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၂၂

**ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် (သုဝဏ္ဏ)ရှိ စစ်ကိုင်းစာသင်တိုက် ကျောင်းဆောင်များ ရေစက်ချပွဲနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့် စစ်ကိုင်းစာသင်တိုက် ပဓာနနာယကဆရာတော်အား ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရ၊ စစ်ကိုင်းစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မာနန္ဒနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။**

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ထံမှ ညောင်ပရိသတ်က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် စစ်ကိုင်းစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မာနန္ဒ၏ ထေရုပ္ပတ္တိနှင့် ဂုဏပူဇာဓမ္မကထာတို့ကို ဆရာတော်၏ တပည့်သံဃာတော်က ဖတ်ကြားပူဇော်ပြီး ဒုတိယဝန်ကြီး အမှူးပြုသော ညောင်ပရိသတ်က ဆရာတော်ကြီးများနှင့် သံဃာတော်တို့အား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

### အမျှပေးဝေ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော်က စစ်ကိုင်း စာသင်တိုက်အတွင်း ဆောက်လုပ်ပြီးစီးသော တာဝတိံသာသုံးထပ်ဆောင်၊ ဝေဠုဝန်သုံးထပ်ဆောင်၊ မိဂဒါဝုန် သုံးထပ်ဆောင်၊ ဇေတဝန်သုံးထပ်ဆောင်နှင့် နိဂြောဓာရုံနှစ်ထပ်ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းခြင်း အတွက် အနုမောဒနာတရားနှင့် ရေစက်ချတရားတော်ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

# ချင်းတွင်းအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပမည်ဖြစ်သည်။ ချင်းတွင်းအသင်း မိသားစုများ တက်ရောက်ကြရန်နှင့် အသက်(၈၀)နှင့်အထက် သက်ကြီးအသင်းဝင်များ၊ ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်သူ ရန်ကုန်ရှိ အသင်းဝင်များ၏ သားသမီးများ အမည်စာရင်း၊ သက်ကြီးအသင်းဝင်များ၏ အမည်စာရင်းကို ဖေဖော်ဝါရီ ၅ရက် နောက်ဆုံးထား၍ ဦးဇော်ဝင်း ဖုန်း–၂၅၂၀၄၄၊ ဦးလှမြိုင် ဖုန်း–၅၃၄၁၆၄၊ ဗိုလ်မှူးကြီး ပီကျော်ဟန်(ငြိမ်း) ဖုန်း–၅၇၈၂၉၁၊ ဒေါ်စန်းစန်း ဖုန်း–၅၄၉၄၁၂၊ ဦးဝင်းငွေ ဖုန်း–၅၂၄၃၈၅ နှင့် အသင်းတိုက် ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ်(၂၇) အခန်းအမှတ်–(၅၇) တို့သို့ ဆက်သွယ်နိုင်ကြသည်။

(က–ပ)



**ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်မှ စတင်၍ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖျာပုံမြို့အဝင် လမ်းမကြီးဘေး ဝဲယာတွင် စကြံပြုလုပ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်လေးခင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(၃၈၃)

# ခရစ္စမတ်ဘိုးဘိုးရုပ်သွင် ဖန်တီး၍ ကိုကင်းများ ခိုးသွင်းမှု ပြင်သစ်၌ဖမ်းဆီး

**မွန်ပဲလီယာ(ပြင်သစ်) ဇန်နဝါရီ ၁၈**

လူလေးဦး လိုက်ပါလာသော မော်တော်ယာဉ်တစ်စီးကို ပြင်သစ်



နိုင်ငံတောင်ပိုင်း၌ ရဲတပ်ဖွဲ့ဝင်များက ရှာဖွေရာ ခရစ္စမတ်ဘိုးဘိုး (စင်တာကလော့)အသွင် ဖန်တီးထားသော ကိုကင်းများဖြင့် ပြုလုပ်ထားသည့် အရုပ်လေးရုပ်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးအရေးယူလိုက်ရကြောင်း သိရသည်။

### ရုပ်တန့်ရှာဖွေ

စပိန်နိုင်ငံဘာဆီလိုနာမြို့မှ ပြင်သစ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသော မော်တော်ယာဉ်တစ်စီးကို ပြင်သစ်နိုင်ငံ မွန်ပဲလီယာမြို့အနီးရှိ စစ်ဆေးရေးဂိတ်တွင် ရုပ်တန့်ရှာဖွေခဲ့ရာ ထိုမော်တော်ယာဉ်အတွင်း၌ ခရစ္စမတ်သရဖူလေးခုနှင့် ကလေးများ၏ အချစ်တော် စင်တာကလော့ ဘိုးနှင်းဖြူအရုပ် တစ်ရုပ်**(ဝဲပုံ)**ကို တွေ့ကြရသည်။

အရုပ်များကို စစ်ဆေးမှုများ ပြုလုပ်လိုက်သောအခါ ထိုအရုပ်များအားလုံးမှာ ကိုကင်းများဖြင့် ပြုလုပ်ထားသည်ကို ဖော်ထုတ်တွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးလိုက်ရသည်။

### ရှားပါးသည့်နည်း

ယခုကဲ့သို့ ပုံဖျက်၍ သယ်ဆောင်လာသောအဖြစ်မျိုးမှာ လုပ်လေ့လုပ်ထမရှိသော ရှားပါးသည့် မူးယစ်ဆေးမှောင်ခိုသယ်ဆောင်နည်းပင်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ဖမ်းဆီးရမိသော ကိုကင်းအလေးချိန်မှာ ၁၂ပေါင် (၅ဒသမ ၅ကီလို)အလေးချိန်ရှိသည်။

### ဖမ်းဆီးမိ

မူးယစ်ဆေး မှောင်ခိုသယ်လာသူ လေးဦးစလုံးမှာ အသက်(၄၀)မှ (၅၀) အကြားရှိ ပြင်သစ်နိုင်ငံသားများဖြစ်ကြသည်။ စပိန်နိုင်ငံ ရဲတပ်ဖွဲ့ကလည်း ယခုအမှုနှင့်ဆက်နွှယ်နေသူ ပြင်သစ်အမျိုးသားနှစ်ဦးကို ဘာဆီလိုနာမြို့၌ ဖမ်းဆီးမိခဲ့ကြောင်းသိရသည်။

**(အင်တာနက်)**

# မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

**ရန်ကုန် ဇန်နဝါရီ ၂၂**

တာချီလိတ် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ၂၀၀၄ခုနှစ် ဇူလိုင် ၂၀ရက်တွင် တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ဟွေတာ(၃)ရွာလမ်းမပေါ်၌ သင်္ကာမကင်းဖွယ်တွေ့ရှိသူ အောင်မြင့်စိန်အား စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၃၀၀ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ဟွေတာ (၃)ရွာနေ ဦးသာပွား၏သား အသက်(၂၉)နှစ်ရှိ အောင်မြင့်စိန်အား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေး တိုင်ချက်အမှတ် ၃/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် တရားရုံးက တရားခံ အောင်မြင့်စိန်အား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ်(၁၅)နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အလားတူ တာချီလိတ်မူးယစ် အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ၂၀၀၄ခုနှစ် ဇွန် ၄ရက်တွင် တာချီလိတ်မြို့ မိုင်းဖုံးအုပ်စု ဟိုနား(အခါ)ရွာရှေ့လမ်းမပေါ်၌ သင်္ကာမကင်းဖွယ်တွေ့ရှိသူ ကျင်စန်းအား စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ ဘိန်းဖြူဘလောက်တုံးလေးတုံး စုစုပေါင်းအလေးချိန် ၁ဒသမ၄ ကီလို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့နယ် မိုင်းဖုံးအုပ်စု ဟိုနား(အခါ)ရွာနေ ဦးလောမာ၏သား အသက်(၂၈)နှစ်ရှိ ကျင်စန်းအား ဝမ်ပုံရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေး တိုင်ချက်အမှတ် ၈/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် တရားရုံးက တရားခံ ကျင်စန်းအား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှုပုဒ်မ၁၉(က) အရ ထောင်ဒဏ်(၂၅)နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ (သတင်းစဉ်)

# မြန်မာ ICT ရက်သတ္တပတ်

## ၂၀၀၅ ခုနှစ်

(၂၁-၁-၂၀၀၅)ရက်မှ (၂၇-၁-၂၀၀၅)ရက်အထိ

MICT Park ၊ ရန်ကုန်မြို့

## စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ (ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

**ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့**

| | | |
|---|---|---|
| ၀၈း၃၀ | – | ဖွင့်ပွဲအခမ်းအနား |
| ၁၀း၀၀–၁၇း၀၀ | – | ICT ပြပွဲ၊ ပြခန်းများ |
| ၁၀း၀၀–၁၂း၀၀ | – | ICT Product Presentation |
| ၁၀း၀၀–၁၇း၀၀ | – | ICT Competitions |
| ၁၃း၀၀–၁၆း၃၀ | – | ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ |

**ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့**

| | | |
|---|---|---|
| ၀၉း၀၀–၁၇း၀၀ | – | ICT ပြပွဲ၊ ပြခန်းများ |
| ၀၉း၀၀–၁၂း၀၀ | – | ICT Product Presentation |
| ၀၉း၀၀–၁၇း၀၀ | – | ICT Competitions |
| ၁၃း၀၀–၁၆း၃၀ | – | ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ |

**ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့**

| | | |
|---|---|---|
| ၀၉း၀၀–၁၇း၀၀ | – | ICT ပြပွဲ၊ ပြခန်းများ |
| ၀၉း၀၀–၁၂း၀၀ | – | ICT Product Presentation |
| ၀၉း၀၀–၁၇း၀၀ | – | Network Game ပြိုင်ပွဲ |
| ၁၃း၀၀–၁၆း၃၀ | – | ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ |

**ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့**

| | | |
|---|---|---|
| ၀၉း၀၀–၁၇း၀၀ | – | ICT ပြပွဲ၊ ပြခန်းများ |
| ၀၉း၀၀–၁၂း၀၀ | – | ICT Product Presentation |
| ၀၉း၀၀–၁၇း၀၀ | – | Network Game ပြိုင်ပွဲ |
| ၁၃း၀၀–၁၆း၃၀ | – | ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ |

**ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့**

| | | |
|---|---|---|
| ၀၉း၀၀–၁၇း၀၀ | – | ICT ပြပွဲ၊ ပြခန်းများ |
| ၀၉း၀၀–၁၇း၀၀ | – | Network Game နောက်ဆုံးပြိုင်ပွဲ |
| ၁၃း၀၀–၁၆း၀၀ | – | ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း |
| | – | ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း |
| | – | အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား |

**(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်)**

**MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်။**

## မြန်မာအိုင်စီတီပြပွဲ ယာဉ်များ အခမဲ့ပြေးဆွဲမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅ ကို ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေရှိ MICT Park တွင် ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်ထိ ICT ပြပွဲ ပြခန်းများ၊ ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ICT Products Presentation များ၊ ICT ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပြပွဲလာပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ပါရမီလမ်းနှင့် အင်းစိန်လမ်းဆုံမှလည်းကောင်း၊ ပါရမီလမ်းနှင့် ပြည်လမ်းဆုံမှလည်းကောင်း ခရီးသည်တင်ယာဉ်များဖြင့် MICT Park သို့ ခေါက်တုံ့ခေါက်ပြန် အခမဲ့သယ်ပို့ပေးမည်ဖြစ်သည်။

(သတင်းစဉ်)

## သုံးခွမြို့နယ် တကောကျေးရွာ ကျပ်သိန်း ၂၀ တန် စာကြည့်တိုက် အဆောက်အအုံနှင့် စာအုပ်မျိုးစုံ လှူဒါန်း

**သုံးခွ ဇန်နဝါရီ ၂၀**

**ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် တကောကျေးရွာနေ ဦးဆန်းအောင်နှင့်ဇနီး ဒေါ်အမာကြည်တို့ ဆောက်လုပ်လှူဒါန်းသည့် ကျပ်သိန်း ၂၀ တန် အဆောက်အအုံနှင့် စာအုပ်မျိုးစုံ ၂၆၁၁ အုပ် လှူဒါန်းပွဲနှင့် စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေး၊ စာကြည့်တိုက်အလှူရှင် ဦးဆန်းအောင်နှင့်ဇနီး ဒေါ်အမာကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။** (အောက်ပုံ)



အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကားပြောကြားကာ စာကြည့်တိုက် အလှူရှင် ဒေါ်အမာကြည်က လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးနှင့် စာရေးဆရာ သန်းဝင်းရှိန်တို့က ဟောပြောကြသည်။

ယင်းနောက် ရန်ကုန်မြို့ ရွှေပင်ငွေပင် ဦးသန်းထွန်းမိသားစုက ကျပ်တစ်သိန်းတစ်သောင်းတန် စားပွဲ၊ ကုလားထိုင်များ၊ အထက(၂) ကမာရွတ် အကျိုးဆောင်များက စာအုပ်မျိုးစုံ အုပ်ရေ ၇၀၀၊ ဗိုလ်ကြီး ကျော်သိန်းနှင့် ဇနီး ဒေါ်ခင်စန်းရီ တို့က စာအုပ်မျိုးစုံ ၁၃၉အုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ရုံးချုပ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် ဇနီးတို့က စာအုပ်မျိုးစုံ အုပ် ၁၀၀၊ ဒေါက်တာ ဆွေဆွေမြင့်က ဗီရိုတစ်လုံး၊ ဦးသောင်းထွန်းနှင့်ဇနီး ဒေါ်ခင်ရွှေတို့က လစဉ် သတင်းစာ တစ်စောင်၊ ဦးကျော်လင်းနှင့် ဇနီး ဒေါ်ခင်စန်းနုတို့က လစဉ်သတင်းစာ တစ်စောင် လှူဒါန်းကြသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးညွှန့်ရွှေနှင့် ဝန်ထမ်းများက စာကြည့်တိုက် မွမ်းမံ ပြင်ဆင်ခြင်း၊ နံရံကပ် စာစောင်နှင့် ဓာတ်ပုံ ပြပွဲများကို ခင်းကျင်းပြသသည်။ (၈၇)

## ကျေးလက် ရေပေးဝေရေး ဆောင်ရွက်

**ဖားကန့် ဇန်နဝါရီ ၂၀**

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄–၂၀၀၅ ခုဘဏ္ဍာရေးနှစ်တွင် ဟောင်ပါးကျေးရွာနေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေစုကန်နှစ်လုံး ရေပိုက်သွယ်တန်းခြင်းကို ဇန်နဝါရီ ၁၈ ရက်က အမှုဆောင်အရာရှိ ဦးမင်းဟန်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးအောင်ဘုန်းလင်း တို့က ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

## စာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေပေးအပ်

**အင်းတော် ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် မံကပ်ကျေးရွာအုပ်စု ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် စာကြည့်တိုက် ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က ဗန်းမောက်မြို့နယ် မံကပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ စာကြည့်တိုက် ဆောက်လုပ်ရန် အလှူငွေကျပ်တစ်သိန်းကို အလှူရှင် ကျွန်းလှမြို့မှ ဦးစိန်ပန်း (တကက–ငြိမ်း)က ပေးအပ်လှူဒါန်းရာ မံကပ်ကျေးရွာအုပ်စု ဥက္ကဋ္ဌက လက်ခံရယူသည်။ (၂၃၃)

**တန့်ဆည် ဇန်နဝါရီ ၁၂**

တန့်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးပြီး တန့်ဆည်–မော်ကယ်ခရီးစဉ်နှင့် တန့်ဆည်–ပုတီးခရီးစဉ် မော်တော်ယာဉ်လိုင်းများ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က ရွှေတန့်ဆည်

## မော်တော်ယာဉ်လိုင်းတိုးချဲ့

မော်တော်ယာဉ်အသင်းဂိတ်၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းဇော်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် မော်တော်ယာဉ်ပိုင်ရှင်များ တက်ရောက်ကြသည်။ (မြို့နယ်ပြန်/ဆက်)

## ဘိုကလေး စည်ပင် ကျောက်ထပ်ပိုးလွှာခင်း

**ဘိုကလေး ဇန်နဝါရီ ၁၈**

ဘိုကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် သာပေါင်း–ညီနောင်–ပေချောင်းလမ်းကို ယခင် ဘဏ္ဍာရေးနှစ် တွင် ကျောက်ချောခင်းခြင်းလုပ်ငန်း လုပ်ကိုင်ပေးခဲ့ပြီးဖြစ်သည်။

ယခု ဘဏ္ဍာရေးနှစ်တွင် ၎င်းကျေးလက်လမ်းအား ကျောက်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ထပ်ဆင့်ဆောင်ရွက်ရာ ယာဉ်သွားလမ်း တစ်ဖက်လျှင် နှစ်ပေဖြင့် အရှည် ပေ ၆၀၀၀ ထပ်မံခင်းပေးခဲ့ရာကုန်ကျငွေကျပ် ၂၈၇၀၀၀၀ ဖြစ်သည်။

လုပ်ငန်းပြီးစီးရေးအတွက် အမှုဆောင် အရာရှိဦးသန်းဝင်း ကြီးကြပ်ဆောင်ရွက်ပြီး လုပ်ငန်းအင်ဂျင်နီယာ၊ အငယ်တန်းအင်ဂျင်နီယာ ဒေါ်ယဉ်ယဉ်နွဲ့နှင့် အဖွဲ့ဝန်ထမ်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

(မြို့နယ်စည်ပင်)

## သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာ အလှူရှင် စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

**သပိတ်ကျင်း ဇန်နဝါရီ ၂၀**

သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာ အလှူရှင် စက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉နာရီတွင် ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ရေလုံလောက်**

အဆိုပါစက်ရေတွင်းသည်နှစ်လက်မ၊ ပေ ၃၀၀ တွင်းနက်အမျိုးအစားဖြစ်ပြီး စည်ပင်ဘဏ်လှူဒါန်းငွေကျပ်၃၃၀၆၄၀၊ အဖွဲ့ပိုင် ငွေကျပ် ၉၈၉၃၆၀၊ စုစုပေါင်း ငွေကျပ် ၁၃၂၀၀၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေထွက်နှုန်းသည် တစ်နာရီဂါလန် ၁၀၀၀ ထွက်ရှိပြီး ကျေးရွာပြည်သူများသို့ ရေလုံလောက်စွာ ပေးဝေနိုင်ပြီဖြစ်သည်။ (နယ်စပ်စည်ပင်)

# ကျပ်သိန်းနှစ်ဆယ်တန် ကိုယ့်အားကိုယ်ကိုး ပညာဗိမာန် စာကြည့်တိုက်ဖွင့်



**ဖျာပုံ ဇန်နဝါရီ ၁၉**

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ နောက်မီးကျေးရွာ ရွာမကျောင်းတွင် ငွေကျပ် သိန်း၂၀တန်ဖိုးရှိ ပညာဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်၊ အလှူငွေ၊ ပရိဘောဂပေးအပ်ပွဲနှင့် ဟောပြောပွဲကို ဇန်နဝါရီ ၁၆ ရက်က နောက်မီးကျေးရွာ ပညာဗိမာန် စာကြည့်တိုက်ရှေ့နှင့် ဓမ္မာသိဒ္ဓိ တန်ဆောင်း၌ ကျင်းပရာ နယ်မြေခံ တပ်မှ ဗိုလ်ကြီးလင်းဦး၊ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအေးကြူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအေးလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**(အပေါ်ပုံ)**

**ပြောကြား**

အခမ်းအနားတွင် နောက်မီးကျေးရွာ ရွာမကျောင်းပဓာနနာယက ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒက ဩဝါဒကထာမြွက်ကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးအေးကြူ၊ မြို့နယ်ဦးစီးမှူးဦးစန်းဝင်းတို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ကျေးရွာဥက္ကဋ္ဌ ဦးအေးလှိုင်တို့က အမှာစကား ပြောကြားကြသည်။

**လက်ခံရယူ**

ဆက်လက်၍ စာအုပ်၊ ပရိဘောဂ၊ အလှူငွေပေးအပ်ပွဲကျင်းပရာ ဆရာတော်၊ ဦးအောင်မင်း၊ ဒေါ်ငွေ ငွေးစော၊ ဦးထွန်းတင်၊ ဒေါ်အေးမြင့်၊ ဦးနေဝင်း ဒေါ်အေးအေးခင် မိသားစုတို့နှင့် အလှူရှင် ၁၈ ဦးက အလှူငွေကျပ်လေးသိန်းကျော် ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးအေးကြူ နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

**(ခရိုင်ပြန်/ဆက်)**

## ဆန်အိတ်နှင့်စာရေးကိရိယာလှူဒါန်း

**ဟိုပင် ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဟိုပင်မြို့ မြဖေယျာ ရပ်ကွက်ရှိ မိဘမဲ့ကလေးကျောင်းသို့ ဆန်အိတ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၄ ရက်က အဆိုပါ ကျောင်းရှိ စာကြည့်ဆောင်၌ ကျင်းပသည်။

**လှူဒါန်းနိုင်**

အဆိုပါ မိဘမဲ့ကလေးများ ကျောင်းသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုသော စေတနာရှင်များ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



**ဒီဇင်ဘာ ၃၀ ရက်က မန္တလေးတိုင်း ညောင်ဦးမြို့နယ် ကုလားတဲရွာ ပညာပါရမီအသင်း၏ ပဉ္စမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၌ နာယက ဆရာတော် ဘဒ္ဒန္တမင်္ဂလ၏ လှူဒါန်းငွေကျပ် တစ်သိန်းကို ဆရာတော် ကိုယ်စားဦးလှတင်က အသင်းဥက္ကဋ္ဌဦးမောင်မောင်သို့ ပေးအပ်လှူဒါန်းစဉ်။**
(က-ပ)

**ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်**

## ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်

**ဘောလခဲ ဇန်နဝါရီ ၅**

ကယားပြည်နယ် ဘောလခဲမြို့နယ် နန်းနောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၉ ရက်က ကျေးရွာမူလတန်းကျောင်းရှေ့တွင် ကျင်းပရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကြည်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်-၂ ဦးလှရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဘမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်-၂ ဦးလှရွှေက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်များ ဟောပြောကာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးကြည်ဝင်းက စာအုပ်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ဆွေးနွေးဟောပြောပြီး စာအုပ်များ လှူဒါန်းပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌ ဦးဘမြင့် က လက်ခံရယူသည်။ **(ခရိုင်ပြန်/ဆက်)**



## မြင်းမူမြို့နယ် ကန်ဆွယ်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**မြင်းမူ ဇန်နဝါရီ ၂၀**

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျေးရွာစက်ရေတွင်း ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက်က ကန်ဆွယ်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစံငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် စက်ရေတွင်းကော်မတီဥက္ကဋ္ဌ ဦးဆေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ စက်ရေတွင်းသည် လေးလက်မ စက်ရေတွင်းဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၇၉၃၀၀၀ အကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့သည်။

**သောက်သုံးရေဖူလုံ**

အဆိုပါစက်ရေတွင်းမှ တစ်နာရီ ရေဂါလန် ၂၄၀၀ ထွက်ရှိရာ ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရရှိပြီဖြစ်သည်။ (၂၂၅)



## ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်ဖွင့်

**ကောလင်း ဇန်နဝါရီ ၁၅**

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့၏ စီစဉ်မှုဖြင့် ကောလင်း-ပင်လယ်ဘူး-မန္တလေး ရွေ့စစ်သည် မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က ကောလင်းမြို့ ကျော်ဇေယျာ ရပ်ကွက်တွင် ကျင်းပသည်။

**တက်ရောက်**

အဆိုပါ လိုင်းသစ်ဖွင့်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်ဦး၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

**ပူးပေါင်း**

အဆိုပါ ရွေ့စစ်သည် ခရီးသည်နှင့် ကုန်တင်ယာဉ် မော်တော်ယာဉ်လိုင်းသစ်ကို ကောလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ပင်လယ်ဘူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ကြောင်း သိရသည်။

(၂၁၄)

**တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေ ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ကျေးလက်အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိရာ ပျော်ဘွယ်လေးကျေးရွာ၌ ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးထား သည့်အနက် အိမ်ရှင်ဦးစန်းဦး မိသားစုအား အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၂၀ ရက်က တွေ့ဆုံစဉ်။**
(မြို့နယ်စည်ပင်)



**ကြည့်ရှု စစ်ဆေး**

**တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခရိုင်တာဝန်ခံ အမှုဆောင် အရာရှိ ဦးသောင်းညွန့် ဒီဇင်ဘာ ၁၉ ရက်က ခါမ်းပါတ်မြို့နယ် ဈေးအတွင်း ဈေးဆိုင်ခန်းများ တည်ခင်း ရောင်းချမှုကို ကြည့်ရှု စစ်ဆေးစဉ်။**
(မြို့နယ်စည်ပင်)

**မြို့နယ် သတင်းများ**

# ပြည်သူလူထု ယုံကြည်ကိုးစားမှုဖြင့် မိမိနယ်မြေဖွံ့ဖြိုးရေးတွင် တိုးမြှင့်ပါဝင် ဦးတည်ချက်များ၊ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး တက်တက်ကြွကြွဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ ၁၆ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်း ဟင်္သာတမြို့ ဆည်မြောင်းရိပ်သာ၌ ဌာနဆိုင်ရာများ၊ ဟင်္သာတခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားသည်။**

## အမှာစကားပြောကြား

အထွေထွေအတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးအသင်းကြီးဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖွံ့ဖြိုးတိုးတက်အောင် လုပ်ငန်းစီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသအလိုက် ဖွံ့ဖြိုးမှုရှိအောင် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူလူထု၏ လူနေမှုဘဝတိုးတက်မြင့်မားရေး၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် လုပ်ငန်းများ၊ လက်တွေ့အကျိုးပြုလုပ်ငန်းများတွင် အသင်းဝင်များအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိနေကြောင်း၊ အသင်းဝင်များ အနေဖြင့် ယုံကြည်ချက်၊ ခံယူချက်စွဲမြဲခိုင်မာပြီး အရည်အချင်း ပြည့်ဝသော အရေအတွက်ဖြစ်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုဖြင့် မိမိနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များတွင် တိုးမြှင့်ပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းကြီးက ချမှတ်ထားသော ဦးတည်ချက်များ၊ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် တက်တက်ကြွကြွ ပါဝင် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားပြီး ရပ်မိရပ်ဖများနှင့် အသင်းဝင်များ၏ ဆွေးနွေးချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ နယ်မြေဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)





**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဇန်နဝါရီ၁၆ရက်က ဧရာဝတီတိုင်း ဟင်္သာတမြို့ ဆည်မြောင်းရိပ်သာ၌ ဟင်္သာတခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ရပ်ဖိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။**

(လယ်ယာ/ဆည်မြောင်း)

## မဟာဓမ္မရုံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာ ဓမ္မရုံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး၏ (၁၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဇန်နဝါရီ ၂၄ရက် (ပြာသိုလပြည့်နေ့) (တနင်္လာနေ့) ညနေ ၃နာရီတွင် စေတီတော်ရင်ပြင်တော်ပေါ်၌ ကျင်းပမည်ဖြစ်သည်။ ယင်းလောင်းလှူပွဲ အခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၆၃ပါးတို့ ကြွရောက်တော်မူမည်ဖြစ်သဖြင့် အလှူရှင်များ တက်ရောက်လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း–၃၈၃၇၉၄ သို့လည်း ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

## ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ စာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၂

**ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ၂၀၀၃–၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများစာရင်းနှင့် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူစာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။**

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မသီရိအောင် (အဘ)ဦးအောင်စိုးမြင့် အထက အိုင်သပြု လေးမျက်နှာမြို့နယ်က ပထမ၊ မမေသူအောင် (အဘ)ဦးဇော်အောင် အထက(၁) ဖျာပုံ၊ ဖျာပုံမြို့နယ်က ဒုတိယ၊ မသီသီထွေး(အဘ) ဦးမောင်မောင်ထွေး အထက(၁၃) မန္တလေး မဟာအောင်မြေမြို့နယ်က တတိယ၊ အင်္ဂလိပ်စာဘာသာတွင် မောင်စိုးမိုးအောင် (အဘ) ဦးအောင်သာမြ အထက(၁) မြစ်ကြီးနား မြစ်ကြီးနားမြို့နယ်က ပထမ၊ မောင်ပြည့်ဖြိုးကျော် (အဘ)ဦးမြင့်လွင် အထက(၄)တောင်ကြီး တောင်ကြီးမြို့နယ်က ဒုတိယ၊ မောင်စိုင်းမြင့်အောင်(အဘ) ဦးအိုက်ကျောက် အထက(၅)တောင်ကြီး တောင်ကြီးမြို့နယ်က တတိယ၊ သင်္ချာဘာသာရပ်တွင် မသီသီထွေး (အဘ) ဦးမောင်မောင်ထွေး အထက(၁၃) မန္တလေး မဟာအောင်မြေမြို့နယ်က ပထမ၊ မောင်ဇင်လင်း (အဘ) ဦးထွန်းမြင့် အထက(၁၄)မန္တလေး ချမ်းအေးသာစံမြို့နယ်က ဒုတိယ၊ မမြတ်နိုးဇင်မြင့်(အဘ)ဦးမြင့်စိန် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်မြို့နယ်က တတိယ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာရပ်တို့တွင် မောင်ဇင်လင်း (အဘ) ဦးထွန်းမြင့် အထက(၁၄)မန္တလေး ချမ်းအေးသာစံမြို့နယ်က ပထမ၊ ပထဝီဝင်နှင့် သမိုင်းဘာသာရပ်တို့တွင် မတင်နွယ်လင်း(အဘ) ဦးတင်ဖေ အထက ပြင်ခရိုင် ငပုတော မြို့နယ်က ပထမ၊ ဘောဂဗေဒ ဘာသာရပ်တွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

ကြေးမုံ The Mirror

ခေါင်းကြီး ဆောင်းပါး အညွှန်း

* *နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း စီးပွားရေး အခွင့်အလမ်း၊ လူမှုရေးအခွင့်အလမ်း ကွာဟနေမှုများကို လျော့နည်းစေပြီး တစ်ဆက်တစ်စပ်တည်း တိုးတက်ဖွံ့ဖြိုးလာရေးအတွက် အစီအမံများ ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။*

*(ခေါင်းကြီး) စာမျက်နှာ–၂*

* *သွားရောဂါများသည် ကာကွယ်၍ရသည့် ရောဂါများဖြစ်ရာ သွားရောဂါကာကွယ်ရေး၊ ပညာပေးရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်သင့်ပေသည်။*

*(ဒေါက်တာကျော်ညွန့်၏ဆောင်းပါး) စာမျက်နှာ–၆*

## မွေးကင်းစမှာပင်ခြောက်လသားအရွယ်မျှထွားကျိုင်းသော ရောမ သားကလေးတစ်ဦးကို ဘရာဇီးမိခင် မွေးဖွား

**ဆာလ်ဗာဒို(ဘရာဇီး) ဇန်နဝါရီ ၂၂**

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၏ အရှေ့မြောက်ဘက် မိုင် ၉၀၀ အကွာရှိ ဆာလ်ဗာဒိုမြို့ဆေးရုံတွင် အသက် (၃၈)နှစ်အရွယ်ရှိ အမျိုးသမီး ဖရန် စစ္စတာရာမို့ဒေါ့စ်စန်တို့စ်သည် ပုံမှန်ထက် လွန်စွာထွားကျိုင်းသည့် သား ယောကျ်ားကလေးတစ်ဦးကို ဇန်နဝါရီ ၁၈ ရက်နေ့က မွေးဖွားခဲ့သည်။ **(ယာပုံ)**

ထိုကလေးငယ်သည် အဲလ်ဘတ်ဘင် အမျိုးသမီးဆေးရုံ၏ ၁၂ နှစ်တာ သမိုင်းတွင် အကြီးမားဆုံး မွေးဖွားပေးခဲ့ရသော ကလေးငယ်ပင် ဖြစ်ကြောင်း သိရသည်။ ကလေးမှာ ထွားလွန်းအားကြီးသည့်အတွက် သာမန်နည်းအားဖြင့်

**စာမျက်နှာ ၉ ကော်လံ ၃ သို့** ❍

